ခင်ခင်ထူး



# သျှောင်ပေစူး

ဝတ္ထုတိုများ

# အမှာစာ

နိုင်ငံခြားမှ ပညာရှင်တစ်ဦးရေးသည့် ရှေးမြန်မာတို့ ၏ လူနေမှုဘဝ မှတ်တမ်းတင်ချက် စာအုပ်ထူကြီးကို ကျွန်မ ကြည့်ခွင့်ရခဲ့ပါသည်။ ရှေးခေတ်ပုံပေါင်းများ စွာဖြင့် မှတ်တမ်းတင်ထားသော စာအုပ်ဖြစ်၍ အလွန်ရှားပါးသလောက် တန်ဖိုးကြီးလှပါသည် ။ ကျွန်မ ကြည့်ခွင့်ရခဲ့သော နိုင်ငံခြားပညာရှင်ကတော့ မြန်မာတို့ ၏ မှတ်တမ်းမှာ ဆင်ယင်ထုံးဖွဲ့မှုနှင့် ပတ်သက်၍ ကျွန်မတို့ ငယ်ငယ်က ယောက်ျားလေး၊ မိန်းကလေး တူညီစွာ ထုံးဖွဲ့ကြသော ဆံပင်ပုံစံအမျိုးမျိုးကို ဖော်ပြထားတာတွေ့ရပါသည် ။ အထူးသဖြင့် ဦးစွန်းဖုတ်၊ သျှောင်ပေစူး၊ ချာရစ်လို ဆံပင်ပုံတွေပင် ပါသေးသည် ။

ကျွန်မတို့ ငယ်စဉ်က အညာကျေးရွာတွေမှာ ဆံပင်ညှပ်ဆရာရယ်လို့ သီးခြား ရှိခဲ့ပါသည် ။ မြို့တွေမှာ သာ ဆံပင်ကိုက်ဆိုင်တွေ ရှိတတ်သည် ဖြစ်၍ ကျေးလက်မှာ တော့ ဆံပင်ရိတ်သင်တတ်သော မိကြီးဖကြီးများကပဲ ရွာသူရွာသားတို့ ၏ ဆံပင်ကိစ္စ ပြီးစေရပါသည် ။ သားသမီးကို ဆံပင်ရှည်ပြီဆိုလျှင် "ဆံပင်က ရှည်လွယ်လိုက်သာအေ.. ညှင်းဆိုးဆိုးနဲ့ .. ဆံပင်ကိုက်ချေရအောင်"လို့ ပြောတတ်ကြသည် ။ ကျွန်မတို့ ရွာမှာ ယောက်ျားလေး မိန်းကလေး ဆံပင်ညှပ်ပေးသူဆိုလို့ ကျွန်မတို့ အရီးလေးတော်သူ အရီးဂျုံမ တစ်ယောက်သာ ရှိသည် ။

"ဂျုံမရေ.. ညည်းတူမ ဆံပင်ကိုက်ပေးလိုက်ဦး.. ဂုတ်သားကလေး ရှင်းပစီ.. မျက်နှာကလေး ပွင့်သွားအောင် ညှပ်ပေးလိုက်စမ်းပါအေ.."

အမေတို့ က အရီးလေးဂျုံမကို အလုပ်အပ်ခြင်းနှင့်အတူ လုပ်ခ အဖြစ် ပဲနို့ဆီဘူး နှစ်ဘူးပေးလိုက်ရုံ။ အရီးလေးဂျုံမကလည်း ကလေး ခေါင်းကို တစ်ချက်ကြည့်လိုက်ပြီး ကတ်ကြေးနှင့် သင်တုန်းဓားကိုသုံး၍ ကျင်လည်စွာ လက်စွမ်းပြလေ၏။ ခေါင်းတုံး တုံးတော့လည်း အရီးလေး ဂျုံမ တုံးမှ ပြောင်စင်သည် ။ ဘျောင်ပေစူး ဆိုတော့လည်း လက်ရာမြော က်သည် ။ လက်လွန်သွားလို့ ရှေ့နဖူးမှ တိတိရိရိ ညီညီညာညာရှိရမည့် ဆံပင်တွေ အထက်ရောက်ပြီး တိုနံ့နံ့ ဖြစ်သွားတာမျိုးလည်း ရှိ၏။ အရီး လေး ဂျုံမမှာ အဖြေရှိသည် ။

"နဖူးကလေး ရှင်းသွားအောင် တိုပစ်လိုက်သာ အစ်မရဲ့ .. တစ်ပတ် ရှိ အနေတော်ကျသွားလိမ့်မယ်.. ကလေးက မျက်နှာလှပြီးသားဟာကို"

မျက်နှာလှပြီးသားဆိုမှ တော့ မိဘများကလည်း အတွန့်မတက်ကြ တော့။ "အေးပါအေ.. လှပ့ါ" ဆိုတာနှင့် ပြီးရသည် ချည်းပင်။ ရွာထုံးဖွဲ့မှု ထဲမှာ ကလေးတကာနှင့်အတူ ကျွန်မတို့ လည်း မလွတ်ခဲ့ပါ။ ချာရစ်ချိန် ဂျာရစ်၊ ဘျောင်ပေစူးချိန် ဘျောင်ပေစူး။ လူက အရွယ်ကလေး ရလာ တော့ ဆံပင်သန်ပြီ။ ကုပ်က ဆံပင်အုပ်ဖားကြီးနှင့် ဖြစ်လာတော့ ဆံပင် တစ်အုပ်လုံးကို သိမ်းရတော့မည်။ သည် တော့လည်း 'အုပ်လုံးသိမ်း' ခေါ်ကြပြန်သည် ။ အရီးလေးဂျုံမက လက်လွှတ်တော့ အမေကြီးက ခေါ င်းလျှော်စေသည် ။ စံကားစိမ်းပွင့်ခြောက်၊ ခရေပွင့်ခြောက်၊ ဒေါနပွင့် ခြောက် တစ်မျိုးမျိုးဖြင့် စိမ်ထားသော အုန်းဆီမွှေးမွှေးကို လက်ဖဝါးထဲ ထည့်လူးပေးသည် ။ ဦးရေကို ဆီရောက်အောင် လိမ်းခြင်း ဖြစ်၏။

"တနင်္ဂနွေနေ့ ဆီလိမ်းတော့ အဆင်းဆုတ်သယ်.. တနင်္လာနေ့လိမ်း

တော့ လူ နှစ်လိုသယ်.. ဗုဒ္ဓဟူးနေ့ လိမ်းတော့ ကျက်သရေတိုးသယ်.. သောကြာနေ့လိမ်းတော့ အနာရောဂါကင်းသယ်.. စနေနေ့လိမ်းတော့ အမှုခပ်သိမ်း ငြိမ်းပြန်သတဲ့ .. ကနေ့ ဗုဒ္ဓဟူး ကျက်သရေတိုးစေတော်"

အမေကြီးက ပါးစပ်က တဖွဖွပြောရင်း ဆံပင်ကို ရင်းဖျားနှံ့အောင် ဆီလူးသည် ။ ဆံပင်ညှပ်တော့ မိမိမွေးနေ့၊ သောကြာ၊ တနင်္လာ ရှောင်ရ တာကိုလည်း မှတ်မိသည် ။ အမေကြီးက ဆံပင်ကို တစ်လက်စတည်း ထုံးပေးသည် ။ ခေါင်းပတ်လည်မှာ ဆံကို ရစ်ကိုက်ထားပြီး ဆံယဉ်ပတ် လည်ချထားပေသိ အလယ်ဆံပင်ရှည်ရှည်ကို ရနိုင်သမျှ ကျစ်ကျစ်ပါ အောင် ထုံးသည် ဖြစ်၍ တစ်ခါတစ်ခါ နာလွန်းလို့ အော်ရပါ၏။

"မိန်းကလေးဆိုသာ.. ဆံပင် တင်းတင်းရင်းရင်း ရှိရမှာ ပေ့ါအေ.. ဆံ တစ်ချောင်း မလွင့်ရပြီး.. ဆံပင် ဖရိုဖရဲနဲ့ မိန်းမများ ဘယ်မိန်းမ ကြည့် ကောင်းလို့ တုံး"

အမေကြီးက လက်ညှိုးကလေးလျှိုပြီး ကွင်းကလေးခတ်၊ တစ်ဖက် ဆံပင်စကို တင်းတင်းကလေး လျှိုယူပြီးမှ ကျန်သည့် ဆံပင်စကို ဆံထုံး ငုတ်စိမှာ ရစ်ယူသည် ။ ကလစ်တစ်ချောင်း မကူရဘဲ မြဲနေအောင် ထုံး ပေးတတ်သည် ။

'တို့ ငယ်ငယ်တုန်းအရွယ်.. သျှောင်ပေစူးကလေးတွေနဲ့ ရယ်.. ပုဆိုး ကို စလွယ်သိုင်း ရွာဝိုင်းပတ်လည်'တဲ့ ။

မြန်မာရနံ့ပါသော သည် သီချင်းကို ကြားရတိုင်း အမေကြီးကို သတိ ရသည် ။ အရီးလေးဂျူမကို သတိရသည် ။ ရွာဘုန်းကြီးကျောင်းကို သ တိရသည် ။ ဆွမ်းခွက်၊ ဝတ်ခွက်ဖျပ် ထမ်းခဲ့ကြသော ကျွန်မနှင့်ရွယ်တူ မောင်ကျောင်းသားတို့ ကို မြင်ယောင်မိသည် ။ ရှင်မီးအင်္ကျီ စပ်ထဘီက လေးတွေနှင့် မန်ကျည်းစေ့တောက်ဖက်၊ တစ်ယောက် သျှောင်ပေစူး တ

စ်ယောက်ဆွဲရင်း ရန်ဖြစ်ဖက် ငယ်သူငယ်ချင်း မြပုတို့၊ မြစုတို့ ကို အောက်မေ့မိသည် ။ နှစ်တွေကြာပြီဆိုပေသိ ရွာနိမိတ်၊ ရွာအရိပ်တွေကို ကျွန်မ လွမ်းရမြဲပင်။ လူ့အဖွဲ့အစည်းထဲမှာ ကြီးပြင်းခဲ့ရသူဆိုတော့ သျှောင်ပေစူးကလည်း သျှောင်ပေစူးအလျောက် ဘုန်းရှိသည် ဟု ယုံကြည်ခဲ့သည် ။ ဆီမွှေးလူး၊ ပန်းပန် ကျက်သရေအခံနှင့် လူလားမြောက်ရပါ၏။

ကျွန်မဝတ္ထုတိုစုတိုင်းကို မြန်မာရနံ့ပါအောင် အမည်ပေးတတ်သော ကျွန်မအဖို့ ရာ သည် တစ်ကြိမ် ဝတ္ထုတိုစုစည်းမှုကိုလည်း 'သျှောင်ပေစူး 'ဟု အမည်ပေးလိုက်ပါသည် ။ ကျေးလက်အဖွဲ့အနွဲ့သန်သည့် ကျွန်မ၏ အားထုတ်မှုတိုင်းကို အားပေး ဖတ်ရှုကြသူ စာဖတ်ပရိသတ်များ အတွက် ကျေးလက်ရိုးရာနံ့ ဆွတ်ဖျန်းလိုက်ခြင်းမည်ပါ၏။

ဝတ္ထုတိုများကို ပိုက်ပိုက်ပွေ့ပွေ့ ထုတ်ဝေပေးသော ကျွန်မတို့ ၏ မိတ်ကောင်း ရောင်းရင်းကြီး ကိုဝင်းချိုနှင့် ဇနီး မချိုချိုအေး (ရှုဝံ့စာပေ) မိသားစု၊ ဝတ္ထုတိုများကို ဖော်ပြပေးခဲ့ကြသော မဂ္ဂဇင်းအယ်ဒီတာများ ၊ သရုပ်ဖော်ပုံ ရေးဆွဲပေးခဲ့ကြသော ပန်းချီပညာရှင်များ နှင့် ကျွန်မ၏ စာဖတ်ပရိသတ်များကို ကျေးဇူးတင်ပါကြောင်း ဖော်ပြအပ်ပါသည် ။

**မြန်မာ့ဆံဦး သျှောင်ပေစူး ဖူးပွင့် လန်းစွင့်နိုင်ပါစေ။**

**ခင်ခင်ထူး**
**၂၀၁၂၊ မေလ၊ မန္တလေး**

***

# သာလီဖောင်း

## (၁)

ကျီးပင်ခြောက်မှာ တယ်လီဖုန်း ရောက် လာပြီဆိုတဲ့ သတင်းက ရွာမှာ နဂါးပွက်အိုင်လို တစ်ချက် ဗွက်ခနဲ ထလိုက်တာကလွဲလို့ ပြန်ငြိမ်သွားတယ်။ ရွာကလူတွေက တယ်လီဖုန်းနဲ့ အဝေးကြီးကိုး။ တစ်သက်လုံး တယ်လီဖုန်းမရှိဘဲ နေခဲ့တာကိုပဲ ဘိုးစဉ်ဘောင်ဆက် အနှစ် လေး၊ ငါး၊ ခြောက်ဆယ်၊ ခုနစ်ဆယ် သည် လို နေခဲ့ကြတာဆိုတော့ အခုမှ တယ်လီဖုန်းဆိုတာကြီး ကောက်ကာငင်ကာ ရောက်လာတော့ကော ဘယ်သူက တကူးတက ပိုက်ဆံပေး ဆက်နေမှာ တုံး။ အဲသည် လို တွေးတဲ့ လူချည်းပဲ။

ဟုတ်တော့လည်း ဟုတ်ပါရဲ့ ။ သူတို့ ရွာ ကျီးပင်ခြောက်မှာ မှ မဟုတ်ပါဘူး။ အနား နရန်းက ရွာတွေလည်း သည် လိုပါပဲ။ တယ်လီဖုန်းဆိုတာလည်း ခေါင်းထဲမရှိဘူး။ ဂြိုဟ်တုစလောင်း ဆိုတာ လည်း သူတို့ ကိစ္စ မဟုတ်ဘူး ။ လျှပ်စစ်မီးဆိုတာများ တော့ ရောက်လာမှာ တောင် ကြောက်ကြသေးတယ်။ ဓာတ်လိုက်သေတယ် ကြားဖူးထားကြတော့ မတော် ဓာတ်လိုက်ရင် ဘယ့်နှယ်လုပ်မလဲ။

"စံဘော်ဆိုသဲ့ကောင်.. ရွာမှာ သာလီဖောင်းတပ်ဖို့ တော်တော် ကုန်သသဲ့.. မိုက်လိုက်သဲ့ကောင့်နှယ်.. သာလီဖောင်း တပ်မလားကွ.. နွားနှစ်ကောင် တောင့်တောင့် ဝယ်တော့မပေ့ါ"

ရွာ မှာ တယ်လီဖုန်းရအောင် တပ်သူက ကိုစံဘော်ဆိုတော့ သက်တူရွယ်တူ သူငယ်ချင်းတွေကစပြီး ဝေဖန်ကြတယ်။ လင်သားတွေက ဝေဖန်တော့ မိန်းမလုပ်သူတွေကလည်း "ဟုတ်သားပဲ.. စံဘော် လုပ်ချင်သာလုပ်သာ ကိစ္စမရှိပေါင်အေ.. မယား အိုစာမက မတားသာ ခက်သာ.." ဆိုတာမျိုး ပြောလာကြတယ်။ 'အိုစာမ'ဆိုတာ ကိုစံဘော့်မိန်းမနာမည် မဟုတ်ပါဘူး။ ကိုစံဘော်ထက် အသက်တော်တော်ကြီးလို့ အိုစာမ ခေါ်ကြတာပါ။ နှိမ်ခေါ်တာတော့လည်း မဟုတ်ပါဘူး။ မိန်းမအိုမိန်းမကြီးလုပ်ပြီး ကိုယ့်ထက်ငယ်တဲ့ လင်က လုပ်ဦးတော့ မတားဘူးလားလို့ ဆိုချင်ကြတာပေ့ါလေ။ တချို့ ရွာခံ မိန်းမတွေက ကိုစံဘော့်ကုန်စုံဆိုင်နဲ့ မကင်းတော့ ကိုစံဘော့်မိန်းမ မစံမေကို ရွာထဲက စကားတွေသွားပြောကြတာလည်း ရှိတယ်။

"သိပေါင်အေ.. စံဘော်က သာလီဖောင်း.. သာလီဖောင်းနဲ့ ဆိုတော့ မောင်မင်းသဘောဆိုပြီး ခွင့်ပြုလိုက်ရသာ.. ရွာ သာလီဖောင်းရှိတော့ အရေးရယ်အကြောင်းရယ် ညရေးညတာကအစ ချက်ချင်း သိရသယ် ပြောသာပဲ.. ညည်းတို့ လည်း သိသားပဲ.. ငါက ယားလို့ တောင် ကုတ်အားသာမှ မဟုတ်သာ"

မစံမေကလည်း လင့်ဘက်ကလိုလို၊ ကျေပဲမကျေနပ်သလိုလိုဆိုတော့ ရွာခံ မိန်းမတွေကလည်း တဘက် ပခုံးတင်ပြီး အသာပြန်လာကြရတယ်။ ကိုစံဘော်က လူတစ်မျိုး။ လူက စုတ်မွှားမွှားထဲကပေမယ့်လယ်တွေ၊ ယာတွေ ဖြုတ်ပြီး ကုန်စုံဆိုင်ကြီး ဖွင့်ထားတဲ့ လူဆိုတော့

မျက်စိရေး နားရေးတတ်တယ်။ မြို့ကို ကုန်သွားချိန်ရတာ အခေါက်ခေါက်ဆိုတော့ မြို့က လူတွေနဲ့ ရင်းနှီးနေတာကတစ်ကြောင်း၊ မြို့ရည်မြို့သွေး၊ မြို့စကားမြို့လေတွေ ပါလာတာကတစ်ကြောင်း၊ မြို့မှာ အသုံးတွင် ကျယ်နေတဲ့ တယ်လီဖုန်း တစ်နေ့ တို့ တောရွာတွေဘက် ရောက်ရမှာလို့ စိတ်ကူးရှိတာက တစ်ကြောင်းကိုး။ သူ့စိတ်ကူးက တစ်မျိုးဖြစ်နေတာ မဆန်းဘူး။ နောက်ဆုံး ရွာမှာ တယ်လီဖုန်းပြောတာနဲ့ စီးပွားမရှာချင်တောင် အနည်းဆုံး မြင်းခြံလို၊ ပခုက္ကူလို မသွားဘဲနဲ့ မြို့ဈေး သိရ နည်းသလားလို့ တွက်တဲ့ လူ။ သည် တော့ ရအောင်လိုက်တယ်။ ဆိုင်ရာဆိုင်ရာတွေကို မေးရမြန်းရတယ်။ တယ်လီဖုန်းဆိုတာ မြို့မှာ တောင် ချက်ချင်းရဖို့ လွယ်တာ မဟုတ်ဘဲ။ တောရွာကို ရောက်ဖို့ ဆိုတာတော့ ယက်သဲ့ကြား ငါးတင်၊ တင်တဲ့ ငါး ကြောင်စား ဆိုသလို အဖက်မစပ်လောက်ဘူးဆိုတာလည်း သိပါရဲ့ ။ ဒါပေမဲ့ သုံးရက်လည်တော့ ပုန်းရည် ချဉ်ရသလိုပါပဲ။ နောက်ဆုံးတော့လည်း တယ်လီဖုန်း ရလာတယ်။ ဖုန်းကျတဲ့ နေ့ပဲ မယားနဲ့ ရန်ဖြစ်တာပဲ။

"မြို့မှာ တော့ လေး၊ ငါးအိမ် သာလီဖောင်းတစ်လုံးနဲ့ ပါဗျာ.. အိမ်ရှေ့စားပွဲကလေး ချခင်းပြီး သာလီဖောင်း ချထားတာက စီးပွားရေး ဖြစ်နေမှ တော့ ကျုပ်တို့ လည်း ဝင်ငွေမကောင်းဘဲ ရှိပ့်ါမလား မစံမေရ.."

"မြို့မှာ အဲသလောက် သာလီဖောင်းတွ များ နေမှ တော့ ဘယ်သူက ဘယ်သူ့ ဘာကိစ္စနဲ့ ဆက်နေကြသာတုံး.. မောင်မင်းဟာက ကုန်လိုက်သဲ့ပိုက်ဆံ.. ရွာတွေက ပိုဆိုးတော့မပေ့ါ.. သာလီဖောင်း စကားပြောဖို့ နေနေသာသာ မြင်တောင် မမြင်ဖူးသဲ့ဟာ.. မောင်မင်းနှယ်..."

ကိုစံဘော့မိန်းမက ကိုစံဘော့ကို ကိုယ့်ထက်အငယ်ဆိုတော့ မောင်မင်းလို့ သုံးနေကျ။

"ခင်ဗျား နားမလည်ပါဘူး မစံမေရာ...၊ ရွာဗျ.. သာလီဖောင်း တစ်ခါဆက် ငါးရာဆိုရင် အရေးအကြောင်းရှိလို့ ဘယ်သူက ကိုးထောင်၊ တစ်သောင်း အကုန်ခံ ခရီးထသွားကြမှာ တုံး... သာလီဖောင်းပဲ ဆက်ကြတော့မှာ ပေ့ါ.. ခင်ဗျားကြည့်နေပါ..."

"ကျုပ်တို့ တော့ နားမလည်ပေါင် မောင်မင်းရယ်.. ဝင်မတန် စစ်ကဲထမင်းမတန် ထမနဲ.. မောင်မင်းကောင်းရင် ပြီးသာပါပဲ"

အရေးထဲ မယား မစံမေက တစ်မှောင့်လို့ ကိုစံဘော် စိတ်ဆိုးချင်ပေမယ့် မဆိုးရဲဘူး။ မယားက ကျားစီးဖားစီး ပိုက်ဆံရှာတဲ့ မိန်းမဆိုတော့ သူ့ပိုက်ဆံရော သူ့ရွှေတိုရွှေစပါ သာလီဖောင်းထဲ ဝင်သွားတာပဲလေ။ ဒီလောက်တော့ ပြောမှာ ပေ့ါလို့ တွေးပြီး ဖြေတယ်။ ရွာကတော့ အခုနပြောသလိုပါပဲ။ စိတ်မဝင်စားကြဘူး။ ဘယ်သူကမှ လည်း ဖုန်းမဆက်ကြဘူး။ တို့ အမျိုးထဲက ဘယ်သူဘယ်ဝါတော့ မြို့ရောက်နေတယ်။ ကျန်းခံ့သာ၏ .. မသာ၏၊ နေရေးထိုင်ရေး အဆင်ပြေ၏ .. မပြေ၏ မေးဦးမှာ ပါ ဆိုတဲ့ လူကလည်း မရှိကြဘူး။ မြို့ရောက်နေကြတဲ့ ဆွေမျိုးတွေကလည်း ကျီးပင်ခြောက်မှာ တယ်လီဖုန်း ရောက် လာပြီဆိုတာ မသိကြတော့ ဘယ်ကမှ လည်း ဘယ်သူဘယ်ဝါတော့ ခေါ်ပေးပါဆိုတာမျိုး မရှိဘူး။

သည် ကြားထဲ ရွာခံ ပဲပွဲစား၊ ကြက်သွန်ပွဲစားတွေက မုန်းတာတောင် အဖတ်တင်သေး။ ဖုန်းရှိတော့ မြို့ပွဲရုံဈေးမေးဖို့ လွယ်သွားပြီကိုး။ လောလောလတ်လတ်သာ လူရေမလည်ကြသေးလို့ ၊ အကျွမ်းမဝင်ကြသေးလို့ ၊ တန်ဖိုးမသိကြသေးလို့ မဆက်ကြဘူး ဆိုဦးတော့ နောင်မှာ သည်တယ်လီဖုန်းက ပွဲရုံဈေးကို မိနစ်ပိုင်းအတွင်း သိနိုင်တာတွေ ဖြစ်တော့မယ်။ ပွဲခအပြင် အတွင်း ရသလောက် နှိုက်ချင်ကြလို့ ပွဲစားလုပ်မှ တော့

သီးနှံတွေရဲ့ မြို့ပေါက်ဈေး မိနစ်ပိုင်းအတွင်း သိကြရင် သူတို့ ဘယ့်နှယ် လုပ် ဈေးခွာလို့ ရတော့မှာ လဲ။ ကိုစံဘော်ကို မူးမူးနဲ့ လာရမ်းကြတာ လည်း ရှိတယ်။ လာရမ်းကြပေမယ့် ကိုစံဘော်က စိတ်မဆိုးပါဘူး။ လေ အေးလေးနဲ့ ဖျောင်းဖျတယ်။ အရက်တောင် ထပ်တိုက်လွှတ်လိုက်သေး တယ်။

"ငါ့ညီတို့ ရာ... မင်းတို့ နစ်နာတာချည်း မကြည့်ကြနဲ့ လေကွာ.. ရွာ က မြို့တက်ရင် ဈေးရင်း သိလာကြတဲ့ လူချည်းပါကွာ.. ငါ့ သာလီ ဖောင်း ပြဿနာမရှာကြပါနဲ့ .. သည် ခေတ်မှာ သတင်းတွေ မြန်ကုန်ပြီ ကွ"

ပွဲစားတွေကလည်း ကိုစံဘော် တိုက်တဲ့ အရက် သောက်ပြီးမှ တော့ ထပ်မပြောကြတော့ပါဘူး။ ဒါပေမဲ့ ကြာတော့ ကိုစံဘော် စိတ်ညစ်လာ တယ်။ မိန်းမနဲ့ အတိုက်အခံလုပ်ပြီး ထထောင်တဲ့ တယ်လီဖုန်း၊ ရွာက စိ တ်မဝင်စားတော့ တစ်နေ့လုံးနေလို့ တစ်ပြားမှ မဝင်တာကို မခံချင် ဖြစ် လာတယ်။ အပြစ်တော့လည်း မတင်သာပါဘူး။ တချို့များ တယ်လီဖုန်း ဆိုတာ မြင်တောင် မမြင်ဖူးကြဘူး။ တချို့ကတော့ မြို့တွေရောက်ကြလို့ ၊ ပွဲရုံတွေ အဆက်အစပ် ရှိကြလို့ မြင်ဖူးတာတော့ ရှိပါရဲ့ ။ မပြောဖူးကြ ဘူး။ ဘယ့်နှယ်.. တယ်လီဖုန်း အသုံးမတည့်ရဘူးရယ်လို့ ။ ဘာများ လွဲချော်နေပါလိမ့်လို့ လဲ ညတိုင်း တွေးတယ်။ စဉ်းစားကြည့်တော့လည်း ရွာသူရွာသားများ ခမျာ ဘာကိစ္စ တယ်လီဖုန်းဆိုတာကို လာမ နေကြမှာ တုံး။ သည် တော့ သူ့ဘက်က တစ်စုံတစ်ရာ လုပ်ပြဖို့ လိုပြီဆိုတာ တွေး မိပြီ။

မနက် မိုးလင်းတော့ ရှာဆော် ကိုကုလားကို ခေါ်တယ်။ ရေးထားတဲ့ စာရွက်ပြပြီး ညနေ အခင်းသိမ်းချိန် ထမင်းဇပြီး (ထမင်းစားပြီး) လောက် လိုက်အော်ကွာလို့ ခိုင်းတယ်။ အော်ခ သုံးရာပေးတော့ ကိုကုလားက လက်ခံရော။ ကိုစံဘော်က သူ့စိတ်ကူးတော့ ချမပြပါဘူး။ ကိုကုလား လက်ခံပြီဆိုမှ စမ်းအော်ခိုင်းတယ်။ ကိုကုလားက -

"နေဦးဗျ.. ကိုစံဘော်ရ.. ကျုပ်က သည် အတိုင်း မအော်တတ်ဘူး.. နည်းနည်းသွားချလိုက်ဦးမယ်"

ဆိုပြီး ခဏပြန်တယ်။ နည်းနည်းလေး ထွေလာမှ တစ်ခေါက်ပြန်လာတယ်။

"မင်းကလည်း ကွာ... ကြာလိုက်သာ၊ ကိုင်း.. အော်စမ်း"

"သပ္ပုရိသန္တယ်ဝင် သူတော်စင်အပေါင်းတို့ ခင်ဗျား... ကျွန်တော်များ ..."

ကိုစံဘော်က ကိုကုလားပေါင် တစ်ချက်ရိုက်လိုက်ပြီး ရပ်ခိုင်းတယ်။

"ငါမရေးတာ အပိုမဖတ်နဲ့ .. ဘယ်မှာ သပ္ပုရိသန္တယ်ဝင် ပါလို့ တုံးဟ .. တရားနာ ဖိတ်သာမှ မဟုတ်တာ... မင်းကြီးတော်...၊ ကျီးပင်ခြောက် ရွာသူရွာသားများ ခင်ဗျား... လုပ်စမ်းပါ"

ကိုကုလားက စေတနာနဲ့ ထည့်အော်တာပါ။ စာရွက်အတိုင်း အော်ရတာများ လွယ်လွယ်လေးပေါ့။ အသံပြာခြောက်ခြောက်နဲ့ ထအော်ကြည့်တယ်။

"ကျီးပင်ခြောက် ရွာသူရွာသားများ ခင်ဗျား.. ကိုစံဘော်၊ မစံမေတို့ အိမ်မှာ မနက်ဖြန်ညနေ ဖနာရီ တရားတော်နာ.. အဲလေ.. မုန့်၊ လက်ဖက်

သုံးဆောင်ရန် ကြွရောက်တော် မူကြပါခင်ဗျား.. ကိုယ့်အိမ်က ဆေးပုလင်း.. ဆေးထုပ်.. ပဲဘောင်ချာ.. နှမ်းဘောင်ချာများကအစ တစ်ပါတည်း ယူဆောင်ခဲ့ကြပါခင်ဗျား..."

ကိုစံဘော်ကိုယ်တိုင်က ရွာဆော် ကိုကုလား အော်ပြတာကို ကျေနပ်သွားတယ်။ ကိုကုလားကို သူ့မိန်းမ ရောင်းတဲ့ အထဲက စီးကရက်မှိုတက် တစ်ဘူးတောင် ပေးလိုက်သေး။ ကိုစံဘော့်မိန်းမက မျက်စောင်းလှမ်းထိုးတာပါပဲ။ မုန့်၊ လက်ဖက် သုံးဆောင်ရန်ဆိုတော့ အရင်းထဲက ပါဦးမှ ကိုး။ သည် ကြားထဲ ရွာဆော် မောင်းခတ်ခအပြင် စီးကရက်တစ်ဘူးတောင် ပါသွားသေးရဲ့ ။

ညဦး လူခြေတိတ်ချိန်မှာ ရွာဆော် ကိုကုလား မောင်းတနောင်နောင်နဲ့ ဗျိုးဟစ်သံကြားတော့ တစ်ရွာလုံးက နားစိုက်ကြတယ်။ ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ မကြားကောင်း မနာကောင်းများလား။ ဘယ်ကမှ ဘာသံမှ မကြားဘဲနဲ့ ကောက်ကာငင်ကာ ဆော်တဲ့ မောင်းဆိုတော့ ဘာများ ပါလိမ့်ပေ့ါ။ ကိုကုလားကတော့ အိမ်မှာကတည်းက အော်ရမယ့်စာကို ကျက်လာတာဆိုတော့ စာရွက်တောင် မကြည့်တော့ပါဘူး။ ကိုစံဘော် သင်ပေးတဲ့ အတိုင်း အော်ပါလေရော။ စံဘော်တို့ အိမ်မှာ လက်ဖက်စား၊ မုန့်စား သုံးဆောင်ရန် ညနေ ၆ နာရီကြွပါဆိုတာကတော့ ထူးခြားတယ် ထားပါဦးတော့၊ မဆန်းဘူး။ ဒါပေမဲ့ ကိုယ့်အိမ်က ဆေးပုလင်း၊ ဆေးထုပ်၊ ပဲဘောက်ချာ၊ နှမ်းဘောက်ချာများပါ တစ်ပါတည်း ယူလာကြပါဆိုတော့ ထူးဆန်းပြီ။ ဘယ့်နှယ်တုံး.. စံဘော် တယ်လီဖုန်းတုန်းက တစ်ခါ သူများ မလုပ်တာ ထလုပ်ပြီးပြီ။ ခုတစ်ခါ လာပြန်ပြီ။ တချို့ကလည်း ရွာဆော် ကိုကုလား ကိုယ့်အိမ်အနားရောက်သခိုက် ခေါ်မေးကြတယ်။

"ကုလား.. မင်း ဘာတွေအော်နေသာတုံး ငါ့ကောင်ရ..."

"ကြားသမှုတ်လား..."

"ကြားသာတော့ ကြားသာပေါ့ကွာ.. ချီး.. တို့ မေးသာက စံဘော်က ဘာလုပ်ချင်လို့ မင်းကို အော်ခိုင်းသာတုံး မေးသာ..."

"ရော်.. မုန့်စား၊ လက်ဖက်စားလို့ ပါသားပဲ"

"အေးပါ.. ဘာ့အတွက် လုပ်သာတုံး"

"ကျွေးချင်လို့ နေမှာ ပေါ့ဗျာ"

"နို့.. ဆေးပုလင်းတွေ၊ ဘောင်ချာတွေက ဘာကိစ္စ ယူရမှာ တုံး"

"အေးဗျ.. အဲသာတော့ ကျုပ်လည်း မပြောတတ်ဘူးရယ်..."

"ကိုင်းပါကွာ.. သွားအော်ချေတော့.. အော်သာအော်နေ.. ဘာမှ မေးမ ရဘူး.. သွားတော့.. သွားတော့..."

"နောင်.. နောင်.. နောင်.. ကျီးပင်ခြောက် ရွာသူရွာသားများ ခင်ဗျား ..."

နောက်တစ်နေ့မှာ တော့ လူပ်ကုန်ကြပြီ။ ညကတော့ မောင်းဆော်တာ ကြားရရုံကိုး။ တစ်အိမ့်တစ်အိမ်ကူးပြီး အကျိုးအကြောင်း မမေးသာခဲ့ဘူး။ မိုးလင်းတော့ ကူးကြပြီ။ ယာထဲ ကိုင်းထဲမှာ အချင်းချင်းမေးကြတယ်။ ပိုပြီး သိချင်တာက ဘောက်ချာတွေ ယူခဲ့ပါဆိုတာကိုပါ။ တချို့ကလည်း ကိုယ်ထင်ရာ ကိုယ်ပြောကြတယ်။

"စံဘော်မယား မအိုစာ ရွှဲ့သာနေမှာ .. သာလီဖောင်း လုပ်သာကို မယားလုပ်သူက အောင့်သယ်ကြားသယ်.. အောင့်ဦးဟဆိုပြီး လူတွေ ထကျွေးသာနေမှာ ပဲ.. စံဘော်က လူတစ်မျိုးရယ်.. လူကြည့်ပါလား.. ဇုတ်

စောင်းစောင်းနဲ့ "

"ဟုတ်ပါပြီ.. မယား ရွှေ့ကျွေးတော့ ရွာ စားရသာပေါ့..

ဘောင်ချာတွေက ဘာလုပ်ဖို့ တုံး"

"ကျုပ်လည်း တစ်ညလုံး စဉ်းစားသာပဲ.. မပေါ်ဘူး.. ညနေကျမှ ကြည့်မလို့ ပဲ"

သည် လိုနဲ့ ညနေဘက် စုတ်ခနဲ ရောက်လာခဲ့တယ်။ လူတွေက သွားချင်ကြလှပြီ။ နေမဝင်သေးလို့ သာကိုး။ လက်ဖက်စားဆိုတာတော့ ထား ..၊ ညှော်ခံစားကိုး။ ခံတွင်းကလေးမြိန်အောင် စားရတာကိုး။ မုန့်စားကို ဘာမုန့်မှန်းမသိတော့ စုံစမ်းကြရတယ်။ ကျွေးမှာ က ထမနဲဆိုတော့ ထမင်းမစားကြတော့ဘူး။ နေလုံးပျောက်တာနဲ့ ကိုစံဘော်တို့ ဝိုင်းတိုက်ဘက် တဖျောက်ဖျောက် သွားကြပြီ။ ဖျာတွေ ခင်းထားလိုက်တာ ဝိုင်းပြည့်။ ရေနွေးကြမ်းအိုး၊ အကြမ်းပန်းကန်၊ ဆေးလိပ်ဗန်းတွေ ချထားပြီးသား။ ထမနဲတွေကလည်း တိုက်ပန်းကန်ပြားကြီးတွေနဲ့ ချထားတာများ မြေပဲနိုင်းချင်း။ ရွာသူရွာသားတွေကလည်း စားလိုက်ကြတာ ထမင်းလွတ်။ ထမနဲ လွေးလိုက်၊ လက်ဖက်မြို့လိုက်။ လူများ ပြီ၊ လူငြိမ်ပြီဆိုတော့မှ ကိုစံဘော်က ထရပ်တယ်။

"သည် လိုဗျို့.. ကျုပ်တို့ က ကျွေးသယ်မွေးသယ်ဆိုသာက ကုသိုလ်လုပ်သာပါ.. သာလီဖောင်း ရောက်လာသဲ့ အထိမ်းအမှတ် ပြောပါတော့.. မနက်က ဆွမ်းပါ ပို့လိုက်ပါသေးသယ်.. ရွာမှာ သာလီဖောင်း ရောက်လာသာ ခင်ဗျားတို့ ကုသိုလ်ကံ ထူးသယ်မှတ်ကြပါ.. အခုတော့ စိမ်းသေးသာပေါ့ဗျာ... နောက်တော့ ခင်ဗျားတို့ သဘောပေါက်မှာ ... သည် တော့ ကျုပ်က ဆေးဘူးတွေ၊ ဆေးထုပ်တွေ၊ ပဲဘောင်ချာ၊ နှမ်းဘောင်ချာတွေ မြို့ပွဲရုံက ပေးလိုက်သဲ့ဘောင်ချာတွေ ယူခဲ့ပါဆိုသာက

အကြောင်းရှိလို့ ပါ"

သည် စကားရောက်တော့ ထမနဲ စားနေကြသူတွေကော လက်ဖက်စားနေကြသူတွေပါ ရပ်ကုန်ကြတယ်။ သိချင်တာ ကြာပြီ။ ကိုစံဘော်က သူ့စကားရပ်ပြီး သူ့အိမ်ရှေ့ ချထားတဲ့ တယ်လီဖုန်းဘက်ကို လှမ်းကြည့်တယ်။ တယ်လီဖုန်းက စားပွဲပေါ် တင်ထားတာပါ။ ကန်တော့ပွဲကြီးတစ်ပွဲ ထိုးထားတာက ဖီးလို့ ။ ဖယောင်းတိုင်ငါးတိုင်လည်း ထွန်းထားသေးတာပါ။ အမွှေးတိုင်တွေက အူထွက်နေတဲ့ အမွှေးနံ့တွေကတော့ ကြိုင်လို့ ။ ကိုစံဘော်က တယ်လီဖုန်း စားပွဲဘေးချထားတဲ့ ကုလားထိုင်ပေါ် သွားထိုင်လိုက်တယ်။ လူတွေကို လှမ်းကြည့်ပြန်ရော။ အဲသည် မှာ ခေါင်းပေါင်းကြီးနဲ့ ကိုပေါရှုံကို တွေ့တော့ "ကိုပေါရှုံ... လာဗျာ" လို့ လှမ်းခေါ်တယ် ။ လူတွေကြားထဲမှာ သူ့ရွေးခေါ်တော့ ကိုပေါရှုံကလည်း "ဘာတုံးဟ" ဆိုတဲ့ ပြီး ထလာရတာပေ့ါ။ ကိုပေါရှုံက ကိုစံဘော့်မိန်းမ မစံမေကုန်စုံဆိုင်မှာ အကြွေးယူနေကျ။ ငွေသုံးလှည့်နေကျ။ စိုက်ချိန်ပျိုးချိန်ဆိုရင် အတိုးနဲ့ ငွေချေးနေကျဆိုတော့ လူနိုင်ဆိုပါတော့။ ထလာရော။ ကိုပေါရှုံ အနားရောက်လာတော့ ကိုစံဘော်က တယ်လီဖုန်းပေါ် လက်တင်လိုက်ပြီး-

"ကိုပေါရှုံ.. မြင်းခြံမှာ ခင်ဗျား ပဲသွင်းသာ ဘယ်ပွဲရုံဗျ"

ကိုပေါရှုံက သူ့လက်ထဲ ကိုင်လာတဲ့ ပွဲရုံဘောက်ချာကို ကြည့်ပြီးမှ "ကြက်တူရွေးပွဲရုံ"လို့ ဖြေတယ်။ ကိုစံဘော်က ကိုပေါရှုံလက်ထဲက ဘောက်ချာကို လှမ်းယူတယ်။ ပွဲရုံတယ်လီဖုန်းနံပါတ် ပါတာကိုး။ နှစ်ခါသုံးခါ လှည့်တော့ ရတယ်နဲ့ တူပါရဲ့ ။ ကိုစံဘော်က လူတွေကြားအောင်အော်ပြောတယ်။

"ဟဲလို.. ကြက်တူရွေးပွဲရုံကလား.. ကျီးပင်ခြောက်ကပါ.. ခင်ဗျားတို့

ဆီမှာ ပဲသွင်းနေကျ ကိုပေါ်ရှံက စကားပြောချင်လို့ တဲ့ .. ခဏကိုင်ထား ပါဗျာ"

ကိုပေါ်ရှံကို တယ်လီဖုန်းခွက် လှမ်းထိုးပေးတော့ ကိုပေါ်ရှံက မြွေနဲ့ လှမ်းပစ်လိုက်သလို တုန်နေလေရဲ့ ။

"ငါ ဘာပြောရမှာ တုံး စံဘော်ရ.. ပြောစရာမရှိပါဘူး.. မင်းနှယ်.."

"ခက်ပဗျာ.. ခင်ဗျားတို့ ဒါကြောင့် တစ်သက်လုံး ပုဒ်ထီး၊ ပုဒ်မ မကွဲ ကြသာ.. ပြောပေ့ါဗျာ.. ပဲဈေး၊ နှမ်းဈေး၊ ကြက်သွန်ဈေး.. ခင်ဗျားတို့ ပြောတတ်အောင် ကျုပ်က ကနေ့ တမင်စီစဉ်သာ..၊ သြော်.. ခဏလေး နော်… လာပြီ.. လာပြီ.."

ကိုစံဘော်က ကိုပေါ်ရှံကိုလည်း ပညာပေး၊ တယ်လီဖုန်းကိုင်ထားတဲ့ လူကိုလည်း တောင်းပန်ရင်း ဖွတ်ထည့်ပေးတော့မှ ကိုပေါ်ရှံက တုန်နေ တဲ့ လက်နဲ့ လှမ်းယူတယ်။ တယ်လီဖုန်းခွက်နား နားကပ်တယ်။ ရွာက လူတွေက ကြည့်နေကြတာပေ့ါ။ ပေါ်ရှံကြီးတော့ မြင်းခြံပွဲရုံနဲ့ တိုက်ရိုက် စကားပြောတော့မယ်ပေ့ါလေ။

"ကျုပ်.. ပေါ်ရှံရယ်.. ပြောပါ"

"ဘယ့်နှယ် ပြောပါတုံး.. ကိုယ့်ဘက်ကဆက်ပြီး ပြောပါဆိုတော့ ဟို ဘက်က ဘာပြောမှာ တုံး.. ကိုပေါ်ရှံနဲ့ တော့ ခက်ပ့ါဗျာ.. ပဲဈေး မေး လိုက်"

ကိုစံဘော်က ဝင်ဟောက်တယ်။ ကိုပေါ်ရှံကတော့ ထမနဲတစ်ဆုပ်နဲ့ အငေါက်ခံနေရတယ်။

"ကိုင်းပါဗျာ.. ကျုပ်ပြောတာ လိုက်ပြောပါ.. ထွိန်နင်ပေ့ါ.. ပြောလိုက် .. နှမ်းကြား ဘယ်ဈေးလဲ…လို့ "

"နှမ်းကြား ဘယ်စျေးလဲ.. သြော်.. ဟုတ်ကဲ့လား"

"ပဲတီစိမ်း ဘယ်လောက်ပေါက်လဲ"

"ပဲတီစိမ့် ဘယ်လောက်ပေါက်လဲ.. သြော်.. ဟုတ်ကဲ့လား"

"ပဲထောပတ်ထဲကကော"

"ပဲထောပတ်ထဲကကော"

"လုံးစင်စျေးလား.. ပြွန်လား..."

"လုံးစင်စျေးလား.. ပြွန်လား..."

"ကျေးဇူးပါဗျာ..."

"ကျေးဇူးပါဗျာ.."

ကိုစံဘော်က ကိုပေါရှံ မေးတတ်အောင် ကြောင်းပေးတော့ ကိုပေါရှံက သံယောင်လိုက်ပေးတာပါ။ သည် လိုမေးရင် သည် လိုဖြေတယ်၊ ကိုယ်က သိချင်ရင် အဲသလို မေးရတယ်ဆိုတာကို မေးရဲပြုရဲရှိအောင် သင်ပေးတာပေါ့လေ။ ကိုပေါရှံက သဘောတွေကျနေလေရဲ့ ။ ဟုတ်သားဟ ဆိုတဲ့ မျက်နှာနဲ့ လူတွေ လှမ်းကြည့်ပြီး ပြောတယ်။ လူတွေကလည်း ကိုပေါရှံ မှတ်ချက်ကို သိချင်ကြတာပါပဲ။

"ဟုတ်သားကွ.. မင်းနှယ်.. ကြက်တူရွေးပွဲရုံက ပွဲကတော် ဒေါ်တုတ်မနဲ့ ပြောရသာ.. အနားထိုင်ပြောနေသာကျလို့ .. ဟန်ကျချက်တော့..."

ကိုစံဘော်က ကိုပေါရှံ သဘောပေါက်ပြီဆိုတာ သိတော့ လူတွေရှေ့မှာ ဂိုက်လုပ်ပြီး မေးတယ်။

"ကိုင်း.. ခုတော့ ခင်ဗျားတို့ တောင်သူတွေ ပဲစျေး၊ နှမ်းစျေးပွဲရုံကို မေးတတ်ပြီမှတ်လား..."

"ပဲဈေး၊ နှမ်းဈေး မပြောပါဘူးကွာ.. ဒေါ်တုတ်မက မြင်းခြံက သူတို့ ဘုရားကိုးဆူပွဲကျရင် ရွာက ပဲတောင်သူတွေ လာကြဖို့ ပြောနေသာ.. ငါ ပြောသာ မကြားဘူးထင်ပါရဲ့ ကွာ.. သူကချည်း ပြောနေသာပါ"

"ကောင်းရောဗျာ..."

လူတွေက သဘောပေါက်ကုန်ကြပြီ။ ဆေးပုလင်းတွေ ဆေးစာရွက်တွေဆိုတာက ကိုယ်သောက်တဲ့ ဆေးတိုက် တယ်လီဖုန်းနံပါတ်တွေ ထည့်ရိုက်ထားတာဆိုတော့ ပင်ရင်းကို တိုက်ရိုက်ဆက်မေးလို့ ရတာပေါ့။ တောသူတောင်သားတွေဆိုတော့ တယ်လီဖုန်း ဆက်ခိုင်းဖို့ ဆိုတာ တစ်ဖက်က လက်ခံပြောမယ့်လူကလည်း ရှိဦးမှ ကိုး။ သည် တော့ ဆေးတိုက်ဖုန်းနံပါတ်နဲ့ ဆက်ပေးလိုက်တော့ ရောဂါနဲ့ ဆေး တည့်လို့ ရအောင် မေးနိုင်တယ်။ လိုရင်းက တယ်လီဖုန်းဆိုတာ သည် လိုပြောရတာ၊ သည် လို ဆက်သွယ်ရတာ၊ သည် လိုဖြေရတာ၊ အကျိုးအကြောင်း သည် လိုမေးရတာဆိုတာကို သိရုံပါ။ ကိုပေါ်ရှုပြီးတော့ လူလေးငါးယောက်လောက် ဆက်ပေးလိုက်တော့ သဘောတွေကျကြတယ်။ ဖုန်းမဆက်ခင် သည် လိုသည် လို ပြောဆိုပြီး ကိုစံဘော်က သင်ပေးတော့ ရုပ်ပျက်ဆင်းပျက် မနိုင်ကြတော့ဘူး။

"ခင်ဗျားတို့ က.. ဟယ်လိုတစ်လုံးသာ ဆောင်ထားဗျာ... ဟယ်လို ပြောပြီးရင် ဟိုဘက်က ထူးသာနဲ့ ပြောချင်ရာပြောတော့.. ဟုတ်ပြီလား၊ ကိုင်း.. ပြစမ်း.. ခင်ဗျားဆေးပုလင်း.. သုည၊ တစ်၊ လေး၊ ငါး..."

ကိုစံဘော်က ဆေးပုလင်းပေါ်က နံပါတ်နှိပ်ပြီး ခေါ်ပေးတယ်။ ခဏနေတော့ လက်ထဲထိုးပေးတာနဲ့ လှမ်းယူပြီး ပြောရော။

"ဟယ်လို.. ကျုပ်ရယ်.. ကျီးပင်ခြောက်က.. ခင်ဗျားတို့ ဆေးစားနေသာ.. ကောင်းသယ်... ကျုပ် ခုတလော ခါးမျက်တက်တက်ဖြစ်နေသာ..

ဆရာလည်း စုံပြီ.. ခင်ဗျားတို့ ဆေးနှစ်ပုလင်း မြင်းခြံတောင်ဈေးက ဝယ်ပြီးလျက်သာပဲ.. အဆင်ပြေပါသယ်.. သြော်.. အင်း.. အင်း..."

ရွာက လူတွေ သဘောကျကုန်ကြပြီ။ ဟုတ်သားပါလား။ သည် လို ဆိုတော့လည်း မခက်ပါလား။ အဝေးရောက်နေတဲ့ ဆွေမျိုးသားချင်း တွေ မာကြောင်းသာကြောင်း မေးချင်လို့ ၊ သာရေးနာရေး ဖိတ်ချင်လို့ သင်္ဘောတစ်တန်၊ ကားတစ်တန် သွားစရာမလိုတော့ဘူးဘဲ။ စံဘော့ကို ငွေလေးငါးရာ ပေးလိုက်ရင် ပြောပါလေ့။ အနားထိုင် ပြောနေတဲ့ အတိုင်းပဲ။ လူသာ မမြင်ရတာ အသံကတော့ ဟုတ်နေတာပဲ။ ရွာက လူ တွေကတော့ ပွက်စီ ပွက်စီ ဖြစ်ကုန်ကြပြီ။ ကိုစံဘော်ကို တို့ အထင်လွဲမိ တာ မှားပြီပေ့ါလေ။ ရွာမှာ တယ်လီဖုန်းရှိတာ ခရီးကြဲတဲ့ ကိစ္စပဲ။ ချက်ချင်းသိရတဲ့ ကိစ္စပဲ။ ကိုယ့်နားနဲ့ ကြားရတဲ့ ကိစ္စပဲ။ ဘာမပြောရဲစ ရာရှိလဲ။ သူတကယ် သည် လိုပြောနေကြတာ။ ဗီဒီယိုကားတွေထဲ ပြော နေကြတဲ့ နားရွက်ကပ်တုံးတိုကလေး မဟုတ်ပေသိ ဒါလည်း ပြောရတာ ပဲ။

"ဒါကြောင့်ပြောသာ.. ကျုပ်က ဧည့်ခံပြီး ထွိန်နင်လုပ်ပေးသာဗျား..၊ ကိုင်း.. ဖုန်းနံပါတ်ကို ကိုယ့်ဆွေကိုယ့်မျိုး ကိုယ့်အသိမိတ်ဆွေတွေဆီက တောင်းထားကြ.. သူတို့ ကိုလည်း ကျုပ်ဖုန်းနံပါတ် ပေးထားကြ.. သည့် ထက် မြန်သာ မရှိတော့ဘူး.. ဖုန်းလာရင် ကျုပ်ခေါ်ပေးမယ်.. လာခေါ်ခ က နီးရင် တစ်ရာ... ဝေးရင် နှစ်ရာ.. ရွာကျော် သုံးရာ၊ လေးရာ...၊ အကျိုးအကြောင်းပြော တိုရင် တစ်ရာ.. ရှည်ရင် နှစ်ရာ.. ခင်ဗျားတို့ ကိုယ်တိုင် ပြောချင်လာပြောလှည့်... ပြောခက သပ်သပ်ပေးရမယ်..."

"အကျိုးအကြောင်းပြော တစ်ရာ... ရှည်ရင် နှစ်ရာဆိုသာ ဘာတုံး စံ ဘော်ရ..."

"တစ်ဖက်က ပြောသယ်ဗျာ.. ဆိုပါတော့.. ကိုလှရွှေကို ဘာလေး ပြောပေးစမ်းပါ့ဆိုရင် ကျုပ်က လာပြောမယ်... မှာ သာရှည်ရင် နှစ်ရာ ပေးရမယ်.. ဒါပဲ..."

"အဲသာဆို သက်သာသားပဲကွ.. တို့ က လာပြောနေရင် ပိုက်ဆံပိုကျ မှာ ပေါ့"

"ဒါတော့ ခင်ဗျားတို့ သဘောလေ..."

အဲသည့်ညက တယ်လီဖုန်းဆိုတာကို ကျီးပင်ခြောက်က တော်တော် သဘောပေါက်သွားကြတယ်။ သည် လိုနဲ့ ပွဲရုံကို စျေးစနည်း နာကြတာ တွေ ရှိလာတယ်။ အဝေးက ကိုယ့်ဆွေ၊ ကိုယ့်မျိုးကို လူကြုံနဲ့ ရွာဖုန်းနံပါ တ် ပေးလိုက်လို့ ဆက်လာတာတွေ ရှိလာတယ်။

"စံဘော်.. မောင်မင်း သာလီဖောင်းက ဖုတ်ဝင်လာပါပကော..."

မစံမေကတောင် ချီးကျူးလာရတဲ့ အထိပါပဲ။ ရွာကလည်း ဝမ်းသာ ကြတယ်။ သည် အကြောင်း ပြောလို့ ပဲ မပြီးနိုင်ကြဘူး။

"သည် ကောင့် သာလီဖောင်းရှိလို့ ဟန်ကျတတရယ်... ပြောရချေ သေးပေါ့ကွာ.. အမြှုပ်ထွက်အောင် ပြောလိုက်စမ်းမယ်.. မပေးနိုင်တော့ မစံမေ့အကြွေးထဲ ရောမှတ်ရုံပေါ့ကွာ"

(၃)

တကယ်တမ်းကျတော့လည်း မြို့သူ၊ မြို့သားများ လို တယ်လီဖုန်းနဲ့ ဆက်သွယ်ရတဲ့ အလုပ်မျိုး ထာဝစဉ် ဘယ်လုပ်နိုင်ကြပါ့မလဲ။ မိုးလင်း

က မိုးချုပ် ထမင်းတစ်လုတ်စားရဖို့ ထွန်နောက်ရေပါ၊ ရေနောက် ထွန်ပါ ခါးချိုးအောင် လုပ်ကြရသူတွေခမျာ တယ်လီဖုန်းဆိုတာ စိတ်ကူးထည့်ယဉ်ကြတာမှ မဟုတ်တာပဲ။ အရေးရယ် အကြောင်းရယ်ရှိတော့လည်း လူရောက်အောင် သွားကြတာ များ တယ်။ မန္တလေးမှာ ဘယ်သူမမာလို့ တဲ့ ၊ မြင်းမူမှာ ဘယ်သူလှူလို့ တဲ့ ၊ စစ်ကိုင်းမှာ ဘယ်သူရှင်ဝတ်လို့ တဲ့ စသည် ဖြင့် ကြားရပြီဆိုတာနဲ့ အရေးကြီးရင် ကြီးသလို လူထပြေးကြကြတာပဲ။

"အေးလှ နေမကောင်းဘူးလို့ လှေသမားတွေကို မှာ လိုက်သတဲ့ .. ငါလိုက်သွားမှ ပါအေ.. သည် ကောင်မ ကလေးငါးယောက်နဲ့ လှေက တစ်ဖက်နဲ့ ရွှေကြက်ယက်ဆိပ်ကမ်းမတဲ့ ..."

"သာလီဖောင်း ဆက်လိုက်ပေ့ါအေ...၊ မန်းလေးက ခင်မောင်အေးဆက်မေးလိုက်.. သွားသင့်တော့လည်း သွားပေ့ါ"

"မဖြစ်ပါဘူးအေ.. တကူးတက မှာ လိုက်သဲ့ဟာကို.. သာလီဖောင်းဆက်မေးသယ် ဖြစ်နေပါဦးမယ်.. ညီအစ်မချင်း လူမမြင်ရရင် စိတ်ဆိုးနေမှာ ပေ့ါအေ့"

ဟုတ်လည်း ဟုတ်တယ်။ အကြောင်းကိစ္စ အရေးကြီးလို့ လူကိုယ်တိုင် ထ မသွားနိုင်လို့ မသွားတာ တော်သေးတယ်။ လူကြုံလောက်နဲ့သတင်းမေးရင် တော်သေးတယ်။ တယ်လီဖုန်းကြီးနဲ့ အသားလုပ်ပေးမယ် အဖြစ်မခံနိုင်ကြဘူး။ ကာယကံရှင်က ခွင့်လွှတ်တယ်ထားဦး၊ ကြားရသူက ကဲ့ရဲ့ မှာ လည်း စိုးရတာကိုး။ ဘယ့်နှယ်အေ သာလီဖောင်းနဲ့ ဝတ်ကျေတန်းကျေ လှမ်းမေးလို့ ကောင်းရှေ့လား လုပ်ကြတော့တာပါ။ သည် တော့ ကိုစံဘော်မှာ က ထင်သလောက် မကိုက်ဖြစ်နေတယ်။

"မောင်မင်း မောင်စံဘော်.. ဆံထုံးလည်း စိုက်ရ၊ ဆီလည်း စိုက်ရ...

မောင်မင်းဟာက ဘယ့်နှာတုံး.. မောင်းမင်းဟာ အဝင်တော့ ရှိပါရဲ့ .. အထွက်မရှိပါလား..."

မစံမေ ခနဲ့ မယ်ဆိုလည်း ခနဲ့ ချင်စရာကိုး။ မှန်လည်း မှန်တယ်။ တယ်လီဖုန်း စ ဆက်မယ့်သူ မရှိပေမယ့် အဝေးက ပြောကြတာကို လက်ခံပြီး အကြောင်းပြန်ရတာတော့ ရှိသား။ ဒါပေမဲ့ ကိုယ့်ရွာသူရွာသားတော့ ပြေးပြောလို့ ရတာပေါ့။ တခြားရွာတွေကျတော့ ပြေးပြောဖို့ ခက်ကရော ။ သည် တော့ တစ်ဖက်စကားကို မှတ်ထားပြီး လှည်းလူကြုံ၊ လူ လူကြုံ၊ စာလူကြုံနဲ့ တစ်ဆင့် မှာ ပေးရတယ်။ မှာ တာတော့ ဟုတ်ပါရဲ့ ။ သတင်းကသာ ရောက်သွားတယ် ပိုက်ဆံက မရဘူး။ ဘယ်သူ ဘယ်ရွာကမှ လည်း မြို့က သတင်းပို့ပေးရှာတယ်ရယ်လို့ ပိုက်ဆံလာပေးတာ မရှိကြဘူး။ သည် တော့ အလကားနေရင်း အရင်းစူးနေတတော့တာပေါ့။ သည် တော့ ကိုစံဘော်က တစ်မျိုးကြံရပြီလေ။

"မစံမေ.. ကျုပ်တို့ သာလီဖောင်းက ခမည်းလိုနေပြီ... သည် တော့ ကျုပ်တို့ ခမည်းပေးရမယ်"

"လာပြန်ပြီ.. ဘာခမည်းလဲ.."

"အသံချဲ့စက် ခမည်း.. အသံချဲ့စက် ထောင်ရမယ်"

"အလိုတော်.. မောင်မင်းဟာက ရှေ့တိုးခလုတ်၊ နောက်ဆုတ် တင်းပုတ်.. ပိုက်ဆံထပ်ထွက်မယ့်ဟာတော့ မစဉ်းစားပါနဲ့ တော့ မောင်..."

"ခင်ဗျားမလဲ ဥစ္စာခြောက်လွန်းသကိုးဗျာ.. လှေမျောလှေနဲ့ လိုက်.. သာလီဖောင်းမျောရင် လော်စပီကာနဲ့ လိုက်ရုံပေါ့ဗျ.. ခင်ဗျား ကြည့်နေပါ.. ပိုက်ဆံတွေ ဝင်လာစေ့ရမဗျား..."

တကယ်လည်း ကိုစံဘော် ထောင်ဖြစ်ပါတယ်။ သံပိုက်လုံးတစ်လုံး

မြေကြီးထဲ တူးမြှုပ်။ ဝါးလုံးတစ်လုံး ပိုက်လုံးထဲစွပ်၊ ဝါးလုံးထိပ် ဟွန်းတပ်ပြီး လှည့်တော့ အရှေ့အနောက်၊ တောင်မြောက် အရပ်ရှစ်မျက်နှာ လှည့်လို့ ရကရော။ လာတာပါပဲ၊ သတင်းတွေ။ ဟိုမြို့က သည် မြို့က။ ကိုစံဘော်က လာတဲ့ သတင်း မှတ်ထားပြီး ပုံကြီးချဲ့တော့တာပါ ပြောရမယ့်ရွာဘက် ဟွန်းကြီး လှည့်ကရော။

"သဖန်းကုန်းက ကိုတင်မောင်ခင်ဗျာ့.. သာလီဖောင်း လာပါသယ်.. ခင်ဗျားနဲ့ မြို့မှာ တွဲနေကျ ဝင်းနိုင်ဆီက.. ခင်ဗျားကိစ္စ ခင်ဗျားအသိဆုံး ပါတဲ့ .. ခင်ဗျားရှင်းမှ ဖြစ်မှာ တဲ့ ဗျို့.. ခင်ဗျားသိချင်ရင် ငွေငါးရာနဲ့ အတူ ကျီးပင်ခြောက်ကို လာခဲ့ပါ..."

သန်းတိုး.. လေးပင်တန်းက သန်းတိုး.. မင့်အမေ အခြေအနေ သည်မှာ ပြောထားသယ်.. မင်းလာမှ ပြောပါရစေတော့.. လာဟေ့.. အရေးကြီးသယ်"

"မပူစူး.. တည်ကန်က မပူစူး.. ကြားသလား.. မန်းလေးက ငွေပို့သဲ့ကိစ္စ.. သာလီဖောင်းလာနေသယ်.. အသံချဲ့စက်နဲ့ ထည့်ပြောလို့ မကောင်းဘူး.. အမြန်လာပါ"

"ဥန္နဲကုန်းက ကိုဆာမိ.. ကြားရာအရပ်က အမြန်လာပါဗျို့.. မြောက်ဈေးထောင့်က မတင်ရီက ဆက်သယ်ဆိုရင် ခင်ဗျား သဘောပေါက်မှာ . . မှာ ခဲ့သာတွေ အများကြီးပဲ.. အမြန်လာပါ"

လာလိုက်ကြတဲ့ လူတွေ...။ ကိုစံဘော်က အရေးမကြီးတာလည်း အရေးကြီးသလိုလို လုပ်နေတော့ မလာလို့ ကလည်း မဖြစ်ဘူး။ သိချင်တာကိုး။ လာတာမှ ပိုက်ဆံကလေးတွေ ကိုင်လာကြတာ။ ရွာပေါင်းစုံက လာကြတာဆိုတော့ တစ်နေ့ တစ်နေ့ ရလိုက်တဲ့ ပိုက်ဆံတွေ။ လူတွေက ကိုယ့်အကြောင်း သူများ သိစေချင်တာမဟုတ်တော့ ကပျာသကီ ပြေး

လာကြသူတွေချည်းပဲ။

မစံမေကကော သည် တစ်ခါ ချီးမွမ်းရှာတယ်။

"မောင်မင်း.. မင့် ကြောင်ရုပ်က ကြွက်ခုပ်သားပဲ.. ဟွန်းကြီး လှည့်.. လှည့်နေရသာ ပင်ပန်းလှသကွယ်.. ဟွန်းလေးလုံး တပ်လိုက်ပ့ါလားကွဲ့ ..." တဲ့ ။

Mandalay Icon မဂ္ဂဇင်း၊ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာ

***

# မေတ္တာ...စာ

## (၁)

သည် ကနေ့ ရွာဟောင်းဘက်ဆီ ကိုသာအေး သွားရမည်။ အမေကြီး ကြီးဘုံ (ကြီးတော်ဘုံ) တစ်ယောက် သူ့စာကို မျှော်လှရှာရော့မည်။ သူ့စာ မဟုတ်ပါဘူးလေ။ သူ့မြေးရဲ့ စာပါ။ တကယ်ဆို ကြီးဘုံဆီကို ကိုသာအေး သွားသင့်တာ ကြာပြီ။ သွားရမှာ ကိုလည်း ဝန်လေးနေခဲ့သည် ။ သည် လို ရွာဟောင်းက အမယ်အိုဆီ သူ စာသွားသွား ပို့နေရတာ အခေါက်ခေါက်အခါခါ ရှိခဲ့ပါပြီ။ တစ်ခေါက်ဆို တစခေါက် အမယ်အိုကို သူ သံယောဇဉ် ဖြစ်ရသလို၊ အသနားလည်း ပိုမိုရပါ၏။ လောကထဲမှာ မြေးနှင့်အဘွား နှစ်ဦးတည်းသာရှိသော ဘဝကလေးက တကွဲစီတပြားစီ။ အမယ်ကြီးက အတော်အိုစာရှာခဲ့ပြီ။

နေ့ခင်းက နေပူလွန်းတာကြောင့် ညနေစောင်းကျမှ ရွာဟောင်းဘက် ထွက်ခဲ့ရ၏။ ရွာဟောင်းဆိုတာက ဝေးဝေးလံလံတော့ မဟုတ်ပါ။ ညောင်ငုတ်တိုရွာက ပဲ့ကျန်ခဲ့သည့်ရွာ ဖြစ်သည် ။ မြစ်နားကမ်းနားရွာဆိုတော့ မြစ်ရေ အတိုးကြမ်းသည့် နှစ်တစ်နှစ်တုန်းက ကမ်းပါးတွေပုတ်လုံး ကျီးလုံးလောက် ပြိုကျခဲ့တာ တစ်လျှောက်ကြီး။ နဂိုနေရာမှာ မြေဆိုလို့ ကမ်းပါးဆွယ် နေရာကွက်ကွက်ကလေးသာ ကျန်ရစ်ခဲ့၏။ တ

စ်ရွာလုံးကတော့ ရွာအရှေ့ကွင်းစပ်ကို ပြောင်းကြရသည် ။ ရွာဟောင်းမှာ ကျန်ကောင်းကျန်ရာအိမ်ကလေး၊ တဲကလေးတွေလောက်သာ ကျန်ခဲ့သည် ။ အထူးသဖြင့် အင်မတန် ဆင်းရဲကြသူတွေသာ ကျန်ရစ်ခဲ့ခြင်းဖြစ်သည် ။

"မြစ်ဖွဲ့လို့ ပွဲ့ကာမှ ပွဲ့ရော.. ကျုပ်တို့ တော့ ရွာနောက် တကောက်ကောက် မလိုက်နိုင်ပါဘူး.. နောင်မှ လျောက်လျားပဲ..."

ကျန်ရစ်ခဲ့သူတွေက ကိုယ့်ဝေဒနာနှင့်ကိုယ်ဆိုတော့ ဖြစ်လာမှ ရင်ဆိုင်ကြတော့မည် ဆိုသည့်သဘော ပြောခြင်းဖြစ်ပါ၏။ ကြီးဘုံကကောဘာထူးမှာ တုံး။ ရွာဟောင်းမှာ ပဲ မြစ်ကမ်းပါးဆွယ် မေးတင်ကျန်ရစ်ခဲ့ရသည် ။ အခုတော့ မူရင်း ညောင်ငုတ်တိုက ရွာဟောင်းဖြစ်ရပြီ၊ ရွှေ့သွားသည့် နောက်ပေါက်ရွာက ညောင်ငုတ်တို ဖြစ်ရပြီ။

မြေပဲတွေ နုတ်ပြီးစမို့ အခင်းတိုင်းက ဟင်းလင်း။ နေရောင်က မြစ်သောင်တစ်ခြမ်းကို အလင်းပေးထားသေးသည် ။ နေလုံး ပက်လက် ဆိုသော်လည်း ရွာဟောင်းကို လှမ်းမြင်နေရသေးသည် ။ ထမင်းမီးခိုးတွေ အူအူထနေသော တဲကလေးတွေကို ကမ်းထိပ်က လှမ်းကြည့်ရင်း ကိုသာအေး သက်ပြင်းချမိ၏။ တစ်ဖက်မှာ မြစ်ကမ်းပါးယံကြီးက ပတတ်ရပ်လျက် တစ်ဖက်မှာ ကတော့ ကမ်းပါးဆွယ် လမ်းကလေး။ နေရသမျှကုတ်တွယ်နေကြရသော်လည်း ဘယ်သူကမှ ဒါကို နာကောင်းသည် မထင်။

"ဘယ်တုံး.. ကိုနို့ဆီ.. ရွာဟောင်းလား..."

မြစ်ရေခပ်ကြသူတွေက နှုတ်ဆက်တော့ ကိုသာအေး ပြုံးလိုက်မိ၏။ ကိုသာအေးကို တချို့က ကိုနို့ဆီ ခေါ်ကြသည် ။ မြစ်စောင်းအတိုင်း ဆင်းလိုက် လာပြီး ရွာဟောင်းအတက်တွင် နွားတစ်အုပ် သိမ်းတာနှင့် ကြုံသ

ည် ။ ကလေးတွေကတော့ မမှောင်ခင် ဘောင်ဘင်ခတ်အောင် ဆော့နေကြလေ၏။ တချို့အိမ်တွေက ချက်တုန်းပြုတ်တုန်း။ နွားသိမ်းလာသူက နှုတ်ဆက်သည် ။

"သာအေး.. ဘယ်တုံးကွ.. ဂျီးဘုံဆီလား..."

"အေး.. အမယ်အို ရှိသမှုတ်လား"

"ရှိလောက်ပ..."

တစ်ယောက်က ကြီးဘုံကို လှမ်းအော်ပေးသည် ။ ကြီးဘုံတို့ တဲဆီက ဘာမှ အသံမပြန်။ ကိစ္စမရှိ။ ကိုသာအေးက တဲပေါက်ဝရောက်မှ အံ့သြသွားအောင် လုပ်ရဦးမည်ဟု တွေးထားသည် ။ ကိုသာအေးက ကြီးဘုံကို စ နေကျ။ သူလာတာမြင်လျှင် ကြီးဘုံ ပျော်လိမ့်မည်။ ပြီးလျှင် ငိုလိမ့်မည်။ သူ ပြန်ထွက်လာလျှင် စာရွက်ကလေးကိုကိုင်ကာ ကျန်ခဲ့လိမ့်မည်။ ကိုသာအေး တဲပေါက်က အကဲခတ်သည် ။ အတွင်းမှာ တော့ မှောင်နေပြီ။

"ဂျီးဘုံ.. ကျုပ်ရယ်.. သာအေးရယ်.. မြေးတော်လေးဆီက စာပါပ့ါဗျာ.. ငွေပါပ့ါဗျာ..."

"..........."

"ဂျီးဘုံ.. ကျုပ်ရယ်.."

(၂)

ကိုသာအေးက ညောင်ငုတ်တိုရွာသား ဆိုသော်လည်း တောင်သူအ

လုပ်ကို လုပ်သူမဟုတ်ပါ။ ရွာက ချက်နို့ဆီကို မြို့က လက်ဖက်ရည်ဆိုင်တွေမှာ သွားသွင်းရသော နို့ဆီပို့သလားသာ ဖြစ်သည် ။ ကိုသာအေးက လူရိုးလူဖြောင့်။ ငွေရေးကြေးရေး စိတ်ချရသည် ။ နို့ဆီကုန်သည် က ကိုသာအေးကို အထူးယုံကြည် ကိုးစားသည် ။ မြို့ကို ပို့ခိုင်းသည့် နို့ဆီပုံးတွေ သင်္ဘောနှင့်တင်ကာ မန္တလေး ပို့ရသည် ။ အလုပ်ရှင် ဘကြီးသိန်းမှာ တာတွေ စေ့ငအောင် လုပ်ခဲ့ရသည် ။ အပြန် ငွေခံခဲ့ရသည် ။ ရွာရောက်တော့ ငွေနှင့်စာရင်း ရှင်းရသည် ။ ကိုသာအေး သည် လို နို့ဆီပို့လာတာပင် ခြောက်နှစ်ထဲ ရောက်ခဲ့ပြီ။ ငွေခြောက်ပြား အကွာအဟမရှိ။ အအမ်းအတော မလွဲခဲ့။ ညောင်ဥတ်တိုနှင့် မန္တလေး ကူးရတာနှင့်ပင် ဒူးဆတ်ခေါက်လိုက်ခဲ့ပြီ။

"သာအေး.. ဈေးချိုက ဟောသည် တံဆိပ်နဲ့ ဆေးရှာဝယ်ခဲ့စမ်းကွာ.. သန်းမေတို့ အိမ်မှာ တွေ့လို့ လျက်ကြည့်သာ.. ကောင်းသဟ..."

"ကိုကြီးသာအေး.. ချော်ဆိပ်က လှပေါတို့ အိမ် ဝင်ပြောခဲ့စမ်းပါတော်.. အမေ နေမကောင်းဘူးလို့ .. ရွာလာနိုင်ရင် လာခဲ့စမ်းပါလို့ "

တချို့က မန္တလေးဆိုတာနှင့် တစ်နေရာတည်းလို့ ထင်ကြသည် ။ မန္တလေးသွားလျှင် ရွာမှာ လို ဘယ်သူ့မဆို တွေ့နိုင်သည် ထင်ကြသည် ။ ကိုသာအေးကတော့ သဘောသကာယ ကောင်းသူဆိုတော့ သွားဖြစ်အောင် သွားပေးလိုက်တာ များ ပါ၏။

"သာအေးရေ.. ငါ့တူတော့ အားနာသကွာ.. နို့ဆီပုံးတွေနဲ့ မနိုင်မနင်းဖြစ်မှာ လည်း စိုးပါရဲ့ .. သရက်သီးတောင်း ထည့်ပေးလိုက်ချင်လို့ .. ဆရာတော် ဦးဝိသဒ္ဓကျောင်း ပို့ချင်သာ.. ဖြစ်ပ့ါမလား..."

"ဖြစ်ပါသယ်.. လှူလိုက်ပ့ါမယ်"

စကားလူကြုံ၊ စာလူကြုံ မှာ ကြတာရှိသလို၊ ပစ္စည်းလက်ဆောင် ပါး

ကြတာများ လည်း ရှိ၏။ နီးနီးနားနား မှာ ကြသလို၊ ဝေးဝေးလံလံ မှာ ကြတာလည်း ရှိသည် ။ အသွားမှာ လို့ အပြန်လွတ်သည် မရှိ။ အပြန်လည်း တသယ်တပိုး သယ်ခဲ့ရသည် သာ။ ကိုသာအေးကတော့ သည် လို လုပ်ပေးရတာကို ကုသိုလ်ရသည် ဟု ခံယူသည် ။ သူတစ်ပါးအကျိုး ဆောင်ရတာပဲလေလို့ တွက်သည် ။

ကြီးဘုံကတော့ မှာ လေ့မရှိပါ။ သို့သော် မန္တလေးရောက်နေတတ်သည့် မြေးဖြစ်သူ မောင်ဖိုးလူ၏ စာနှင့်ငွေကြဲကိုတော့ မျှော်ရှာသည် ။ ဖိုးလူက မန္တလေးအထက် စဥ့်ကူး သပိတ်ကျဉ်းဘက် ရွှေတောမှာ အလုပ်လုပ်နေတော့ မန္တလေးက သူ့ဆရာအိမ်ကို ငွေနှင့်စာ ပို့ပေးထားတတ်သည် ။ ဒါကို ကိုသာအေးက ဝင်ယူရခြင်း ဖြစ်၏။

**'အမေကြီး...**

ကျွန်တော် မောင်ဖိုးလူ စာရေးလိုက်ပါတယ်။ အမေကြီးသုံးဖို့ ငွေထည့်ပေးလိုက်တယ်။ အမေကြီး လှူစရာရှိတာ လှူပါ။ နေကောင်းအောင် နေပါ အမေကြီး။ အမေကြီး နေမကောင်းဖြစ်မှာ ကိုပဲ ကျွန်တော် ပူတာ။ အနားမှာ မနေနိုင်အောင် ပူရတာပေါ့။ ကျွန်တော်လည်း နေကောင်းပါတယ်။ အမေကြီးသုံးလို့ ပိုတဲ့ ငွေကို သိမ်းထားပါ။ ညောင်ငုတ်တိုဘက် မြေဝယ်ပြီး ရွာဘက် ရွှေ့ရအောင်လို့ ...။

ကျွန်တော့်ဆရာက လွှတ်တဲ့ နေ့ ရွာခဏ ပြန်ခဲ့ပါဦးမယ်။

**လူကလေး မောင်ဖိုးလူ'**

ဗလာစာရွက်ကို ဖြစ်သလို ဆုတ်ပြီး ရေးလိုက်သည့်စာ။ သည် စာကလေးကို ကြီးဘုံက ပဲကြီးရေတွန့်နေသည့် လက်ချောင်းလိုလိုကလေး

တွေနှင့် ကိုင်ကာ စာလုံးတွေကို သီမွဲမွဲမျက်လုံးကလေးတွေနှင့် တစ်လုံး ချင်း လိုက်ကြည့်တတ်သည် ။ ကြီးဘုံက ကြည့်လို့ သာ ကြည့်ရှာတာပါ လေ၊ စာမတတ်ရှာတော့ မြေးကလေး မောင်ဖိုးလူ ရင်ငွေ့ကလေးမှ တစ်ရှိုက်ရစေတော့ သဘောဖြင့် ကိုင်ထားမှန်း ကိုသာအေး သိပါ၏။

ရွှေတောဆီက လာသည့်စာ။ ဘယ်လောက်ဝေးမှန်းလည်း မသိ။ ဘယ်သူနှင့် ဘယ်လို ရောက်ရောက်လာတယ်ဆိုတာလည်း မသိ။ ရွာကနေ မြို့ကို နို့ဆီ သွားသွားပို့သည့် ကိုသာအေး ရှိလို့ သာ တစ်ဆင့်ခံ ရောက် လာတာလောက်သာ သိရှာသူ ဖြစ်၏။

"သာအေးကြီး.. ကျန်းမာ ချမ်းသာပါစေ.. သူတစ်ပါးအကျိုးဆောင် လို့ ကိုယ့်အကျိုးများ တစ်လုံးတစ်ဝတည်း ပြည့်ပါစီတော်.. မောင်မင်း ကြီးသား.. တစ်ခေါက် ပြန်ဖတ်ပြပါဦးကွယ့်... ငါဖြင့် ငါ့မြေးစာ ကြားရ သာ ဝသယ်ကို မထင်ဘူး"

စာတစ်ခေါက် လာပို့တိုင်း ကိုသာအေးက သည် လို နှစ်ခေါက် ပြန်ဖ တ်ပြရမြဲ။ လူကလည်း ဟိုစကား သည် စကားပြောရင်း တစ်အောင့်တစ် ဖြုတ် ထိုင်ရမြဲ။ ကိုသာအေး ရောက်သွားတိုင်းလည်း ကြီးဘုံက ဝမ်းသာ သည် ။ မြေးဆီက တစ်ခုခုရတော့မည် ဆိုတာထက် မြေးသတင်း တစ်ခု ခုကြားရမှာ ကို ဝမ်းသာရှာမှန်း ကိုသာအေး သိပါ၏။

"ဘာသဲ့တုံး သာအေး.. ငါ့မြေးကလေး..."

"ဂျီးဘုံမြေး မိန်းမယူသွားပြီသဲ့ဗျာ.. မြေးချွေးမ လာပြမလို့ သဲ့..."

ကိုသာအေးက နောက်သည့်အခါ ကြီးဘုံ မျက်နှာပျက်သွားတာမျိုး မ ရှိ။ ငါ့မြေးအကြောင်း ငါအသိဆုံးပေါ့ကွယ်ဆိုသည့် မျက်နှာခံနှင့် ပြုံးနေ တတ်သည် ။ သည် လိုအပြုံးကို ကိုသာအေး အလွန်စိတ်ချမ်းသာသည် ။ သူ့မိခင်ရင်း ပြုံးသလို ခံစားရသည် ။ ရွယ်ကြီးရွယ်အို မိခင်တစ်ယောက်

၏ ရင်ထဲ နှလုံးထဲက လှိုက်တက်လာသော အပြုံးမျိုး။

"ရော်..၊ အမယ်အို့နှယ်.. တကယ်ပြောသာဗျ...၊ ကောင်မလေးက ချမ်းသာသသဲ့.. နားတောင်းတစ်ဖက် ဖုံးခေါင်းလောက် ပန်သာသဲ့ဗျာ.. နှစ်ဖက်ပန်တော့ မျက်နှာ မော့မရလို့ ဖိုးလူတောင် မယားမျက်နှာ မမြင်ရဘူးပြောသာပဲ"

ကိုသာအေးက နောက်လေ ကြီးဘုံက ပါးကလေး ခွက်အောင် ရယ်လေ..။ သွားတွေ တစ်ချောင်းမှ မရှိတော့ သွားဖုံးညိုညိုကလေးတွေပင် ရုန်းထွက်တော့မလား ထင်ရသည် ။ မျက်နှာပေါ်က ဇရာအရေးအကြောင်းတွေပဲ ဆန့်ပြန့်သွားသလား ထင်ရသည် ။ ခိုးခိုးခစ်ခစ် ရယ်သံက ချွဲသံတွေ ပါသော်လည်း တကယ်ပျော်သည့် အပျော်သံဖြစ်သည် ။

"သာအေးရယ်.. မင်းပြောသလိုသာဆို ငါ့မြေး မိန်းမယူသာ မဟုတ်လောက်ဘူး.. ဗုံခေါင်း ယူသာနေမှာ ..၊ မင်းနှယ်ကွယ်.. ပြောမှ ပြောတတ်ပလေ.."

ကိုသာအေးက ငွေကို သေသေချာချာ ရေတွက်သည် ။ စာထဲပါသည့် ငွေအရေအတွက်နှင့်ကိုက်အောင် စာကို တစ်ခါပြန်ကြည့်သည် ။ မှန်ပြီဆိုတော့မှ စာနှင့်ငွေကို အပ်သည် ။ သည် လိုအခါမှာ တော့ ကြီးဘုံ ငြိမ်သွားတတ်ပါသည် ။ ချက်ချင်း မျက်နှာညှိုးကျသွားသလို မျက်ရည်ကလေး လည်လာတတ်သည် ။ သည် လိုမြင်ရပြန်တော့ ကိုသာအေး စိတ်မကောင်းပြန်။ မြေးကလေးကို သတိရဟန်တူသည် ။ တစ်ခါတလေများ ငိုနေလို့ အားပေးရတာလည်း ရှိ၏။

"ကြီးဘုံရယ်... မောင်ဖိုးလူ ထွက်ရှာနေတော့ သူ့အတွက်ရော.. ကြီးဘုံအတွက်ရော အဆင်ပြေသာပေါ့.. ရွာထဲမယ် အမယ်အိုတွေ များ လှပေါ့.. ကြီးဘုံလောက် ဘယ်သူ စိတ်ချမ်းသာကြလို့ တုံး.. မြေးပွေ့ထားရမယ့်အ

ရွယ်မှ မဟုတ်သာဗျာ.. လိမ္မာသာ ဝမ်းသာပါဦးတော့..."

"အေးပါကွယ်.. ငါ့မြေးလေးက သိတတ်လွန်းလို့ ပါ... ဂျီးဘုံ နေတတ်ပါသယ်.. ဖိုးလူ ငယ်ငယ်က ဆိုးပြီ ထင်သာ.. လိမ္မာရှာလို့ ခေါင်းအေးရပါရဲ့ .. သူ့ချွေးနဲ့စာ မစားရက်ပေါင်တော်.. ကျုပ်က ကုန်စရာမရှိပါဘူး.. လှူသာ ရှိသာပါ"

သည် လိုနှင့်ပင် ကိုသာအေးတစ်ယောက် ကြီးဘုံနှင့် မြေးဖိုးလူတို့ကြား တမာရွှေကျေး ဖြစ်ခဲ့ရသည် ။ ဖိုးလူဆီက စာကြို့ငွေကြို့ မလာတာကြာလျှင် ကိုသာအေးကပင် မျှော်တတ်နေပြီ။ ဖိုးလူစာလာတိုင်း ခါးပန်းမှာ မြေဖြူနှင့် ရေးထားလေ့ရှိရာ စိတ်ရောက်လျှင် ခါးပန်းက ရက်စွဲကိုဖတ်ရင်း ရက်တွက်နေတာများ ပင် ရှိပါ၏။

"ငါတောင် သည် လောက်မျှော်ရင်.. ဂျီးဘုံတော့ မျှော်ရှာရှော့မယ်"

(၃)

"ဖိုးလူ မိဘများ ဆုံးတော့ ဂျီးဘုံကပဲ အိုကြီးအိုမနဲ့ လူလုံးပေါ်အောင် မွေးခဲ့ရသယ်.. လူဆိုတော့ ထန်းစေ့မှုတ်လို ဘယ်ထန်းပင်အောက် ကောက်ကောက် မရနိုင်ဘဲကိုး မောင်သာအေးရဲ့ .. ကိုယ့်မြေးသား ကိုယ့်အလှည့်ကျပြန်တော့ မုဆိုးမဘဝနဲ့ ပဲနုတ်ကျွေးခဲ့ရသယ်.. ပေါင်းလိုက်ကျွေးခဲ့ရသယ်.. မိဘများ အလိုလိုက်ခဲ့တော့ ဖိုးလူက ဆိုးချင်သာ.. မိဘများ မရှိတော့လည်း ဘွားအေကို ဖအေမှတ်ရှာသယ်.. မအေမှတ်ရှာသယ်.. ခမျာ ပညာလည်း ကောင်းကောင်း မသင်ခဲ့ရရှာပါဘူးကွယ်.. ဦးဇင်းမှတ် ကျေးဇူးနဲ့ ရေးတတ် ဖတ်တတ်ရှိလို့ တော်သေးရဲ့ အောက်မေ့

ရသယ်"

ကြီးဘုံက စိတ်ကူးရလျှင်ရသလို မြေးအဘွားဘဝတွေကို ပြောနေတတ်သည် ။ တစ်ရွာတည်း အတူနေတွေမို့ သိပြီးသား အကြောင်းအရာတွေ ဆိုသော်လည်း အမေအို အလွမ်းမှ ပြေစေတော့လို့ ထိုင်နားထောင်ခဲ့ရသည် ။ အရွယ်ကလေး ရောက်လာတော့ ဖိုးလူမှာ ရွာထုံးစံ သူရင်းငှားဘဝ ရောက်ရပါ၏။ သူတကာ လူငယ်တွေက ရွှေမှော်၊ ကျောက်မှော်တွေ ပြောကြတော့ ဖိုးလူကလည်း သွေးကြွသည် ။ အမယ်အိုချည်း ထားပစ်ခဲ့လို့ မရတော့ ရွာက လူငယ်တွေ ထွက်ကြတိုင်း ဖိုးလူမှာ နွားစာစဉ်းရင်း၊ ပဲမှော်နှိုက်ရင်း လှမ်းမျှော်ကြည့်ရုံသာ ကြည့်နိုင်ခဲ့သည် ။ သည် ကြားထဲ မြစ်ရေက ရွာတစ်ခြမ်း ဖွဲ့ပစ်လိုက်တော့ မြစ်ကမ်းပါးစွန်း ရွာဟောင်းမှာ ဘွားအေကြီးကို ထားခဲ့ဖို့ ဖိုးလူ မတွေးရဲပြန်။ ဘွားအေက မြေးကလေးမှာ သည် ရောဂါရှိမှန်းသိတော့ သွားဖို့ ခွင့်ပြုရှာသည် ။ မြေးကလေးခမျာ လူငယ်သဘာဝ သုံးချင်စွဲချင် ပြည့်စုံချင်ရှာလိမ့်မည်။ ရွာမှာ သူရင်းငှားဘဝနှင့် စုတ်စုတ်ကန်း နေရသည့်အဖြစ်ကိုလည်း ကြီးဘုံ အဖြစ်မခံနိုင်တာ ပါပါ၏။

"သူတကာ့ကလေးတွေ ရွာကို ပြန်လာကြသာ အဆင်ပြေကြသယ်ကြားသယ်..၊ ငါ့မြေးလည်း သွားချင် သွားလေ.. အမေကြီး နေတတ်ပါ့တော်..၊ ရွာကောင်းတော့ တစ်စလောင်း.. အမေကြီးကို ထမင်းတစ်လုတ် ရေတစ်မှုတ်တော့ ကမ်းမယ့်သူချည်းပါ.. ငါ့မြေး စိတ်ဖြောင့်ဖြောင့်သွားရော့..."

သည် ကတည်းက ဖိုးလူလည်း ရွှေတောကို ရောက်ခဲ့ရသည် ။ မန္တလေးက ဘထွေးချောတို့ ဆီသွားတော့ ဘထွေးချောကလည်း ချက်ချင်းပို့ပေးလိုက်ရာက ဖိုးလူ ရွှေတောထဲ ဖုတ်ခနဲ ကျလေတော့သည် ။ တစ်နှ

စ်ပြည့်လို့ ပြန်လာတော့ မြို့ဝတ်မြို့စားနှင့် ဖြစ်နေပြီ။ နာရီကလေး လက်စွပ်ကလေးနှင့် ဖြစ် လာပြီ။ အမေကြီးအတွက် စို့စို့ပို့ပို့ ကန်တော့နိုင်သည် ။

"ပင်ပန်းသလား လူကလေး.. မင်းအသားတွေ မည်းလှချေကောကွယ်"

"ပင်တော့ ပင်ပန်းသာပေါ့ အမေကြီးရယ်.. နွေအပူ မိုးအစွတ်ပေါ့.. ရွာမှာ သူရင်းငှား လုပ်ရသာထက်တော့ ကောင်းသာပေါ့ အမေကြီးရဲ့ ... "

"အပေါင်းအသင်းမှားမှာ စိုးသာပါ လူကလေးရယ်.. အမေကြီးဖြင့် ငါ့မြေးမျှော်ရသာနဲ့ ပုတီးတောင် ဖြောင့်ဖြောင့် မစိပ်နိုင်ပါဘူး..၊ မပျော်ရင် ပြန်သာလာခဲ့.. ကြားလား လူကလေး.."

"ဟုတ်ကဲ့.. အမေကြီး"

"မိန်းမပေ့ါတွေ ဘာတွေနဲ့ တွေ့မှာ စိုးသယ်ကွယ်"

"အို... အမေကြီးကလည်း မော့မကြည့်အားပေါင်ဗျာ.. စိတ်သာချပါရော့..."

မြေးလိမ္မာကို ကြည့်ရင်း ကြီးဘုံ ဝမ်းသာရသည် ။ မြေးကလေး ရောက်သခိုက် ရွာကျောင်းဆရာတော်ကို မြေးအဘွားနှစ်ယောက် ဆွမ်းပို့ကြသည် ။ နဝကမ္မငွေ လှူဒါန်းကြသည် ။ ရွာဦးစေတီပြင်သည့် အလှူမှာ တတ်အားသမျှ ပါနိုင်ခဲ့သည် ။ ညောင်ငုတ်တိုရွာဘက် မြေကွက်ကလေး ဝယ်ဖို့ တောင် ပြေးကြည့်ခဲ့ကြသေးသည် ဆိုပါ၏။

စကားပြောကောင်းရာက ကိုသာအေး ပြန်မည်လုပ်တော့ အမယ်အိုငိုရပြီ။ အိမ်ငုတ်စိကလေးထဲမှာ အမယ်အိုတစ်ယောက်တည်း ငုံးစုံပစ်

ကျန်ရစ်ပြီ။ မိုးရာသီ မြစ်ရေကြီးချိန် မြစ်ကမ်းပါးတွေ ပြိုသံတော့တော့လည်း ကိုယ့်အသက်ကို မပူ။ ရေထဲ မိုးထဲက မြေးကို သတိရသည် ။ ငွေနှင့်စာကတော့ လူကြုံနှင့် ကြုံသလို ရောက်ပါ၏။ ကြီးဘုံက စာမမျှော် ငွေမမျှော်၊ မြေးကိုသာ မျှော်သည် ။ ရွှယ်ကြီးရွယ်အိုဆိုတာ သေချာတာမဟုတ်။ မျက်စိအောက်မှာ မြေးကလေး ရှိစေချင်ရှာလိမ့်မည်။

မောင်ဖိုးလူ ခမျာလည်း ဘွားအေရယ်လို့ လူကိုယ်တိုင် တစ်လတစ်ခေါက် မရောက်နိုင်သလိုပင် စာနှင့်ငွေကလည်း ပုံမှန် ထည့်နိုင်ရှာသူမဟုတ်။ လက်ထဲမှ ငွေစကလေး စုမိဆောင်းမိရှိသည့် အချိန်နှင့် ရွှေတောလူကြုံရှိမှ မန္တလေးကို ပို့ရတာမဟုတ်လား။ တစ်ခါတလေ သုံးလေးလလောက် စာမလာ သတင်းမကြား ရှိတတ်သည် ။ ကိုသာအေးကတော့ ဝတ္တရားမပျက်ရှာပါ။ ဘထွေးချောတို့ အိမ်ကို တကူးတက သွားနေကျ၊ မေးနေကျ။ ရောက်နေတော့လည်း ယူလာရုံ။ မရောက်ဘူးဆိုတော့လည်း နှုတ်ဆက်ပြန်ခဲ့ရုံ။ တစ်ခါတလေ မြေးအဘွားကြား ကိုယ်တိုင်ပင် ရွှေတောလိုက်သွားချင်စိတ်ပင် ပေါ်မိပါ၏။

"ဟဲ့.. သာအေး.. ဂျီးဘုံ မေးနေသယ်.. သွားလိုက်ပါဦး ဟဲ့..."

ရွာဟောင်းဘက်က တစ်ယောက်ယောက်နှင့် ဆုံလို့ သည် လို အမှာစကား ကြားရလျှင်ပင် နေမထိ ထိုင်မသာများ ပင် ဖြစ်ရတော့သည် ။

"ကိုင်း.. သည် တစ်ခေါက်တော့ ငါကိုယ်တိုင် ရွှေတောဘက် လိုက်သွားဦးမယ်"

ကိုသာအေးစိတ်ထဲ တေးထားမိရသည် ထိ။

ကိုသာအေး ရွှေတောဘက်လိုက်မည် တကဲကဲ လုပ်နေသည့် အခေါက်မှာ ပဲ့ဖြစ်သည် ။ ခါတိုင်းအခေါက်တွေလိုပဲ နို့ဆီပုံးတွေ ပို့ပြီးလို့ ဘထွေးချောတို့ အိမ်အဝင်မှာ ပင် မောင်ဖိုးလူသတင်းက ဆီးကြိုနေတော့၏။ သတင်းစကားက ကိုသာအေးရင်ဘတ်ကို ဆောင့်တွန်းလိုက်သလို အင့်ခနဲ ဖြစ်သွားရတော့သည် ။ ဟုတ်ရဲ့ လား။ ဖြစ်နိုင်ပ့ါမလား။ မောင်ဖိုးလူကလေး ရွှေတောမှာ ဆုံးသွားရှာပြီတဲ့ ။

"သေချာရဲ့ လားဗျာ.. ဟုတ်ရဲ့ လားဗျာ"

"ဟုတ်သယ် မောင်သာအေးရဲ့ .. မင်းဘထွေးချော မနေ့ကပဲ ပြေးရသာ.. ရွှေတောက ဖုန်းလာလို့ .. မောင်ဖိုးလူ ငှက်ဖျားနဲ့ ဆုံးရှာသသဲ့.. အကြောင်းကနေ ရေတိမ်နစ်ရှာသာ...၊ တချို့ကလည်း တောကိုင်သလိုလို ပြောကြသာပါပဲကွယ်.. သူ့ဘွားအေကြီးကြားရင် ရင်ကျိုးရှာမှာ ပဲ"

ဘထွေးချောဇနီး အရီးကြည်က ပြောရင်းဖြင့် ငိုသည် ။ အရီးကြည် ငိုတော့ ကိုသာအေးလည်း ငိုရပြီ။

"အရီးကြည်ရာ.. ကျုပ်က သည် တစ်ခေါက် ဖိုးလူဆီ လိုက်သွားမယ်တောင် စိတ်ကူးထားသာ.. ဂျီးဘုံခမျာ မြေးဆီက စာမလာ.. လူမလာ.. တမျှော်တည်း မျှော်နေရှာသာဗျ.. ကျုပ်က ဘယ်လိုမျက်နှာနဲ့ ဂျီးဘုံကို သွားပြောရမှာ တုံး"

"အရီးလည်း စိတ်မကောင်းချက်တော့ကွယ်.. ဘယ့်နှယ် လုပ်ရမှန်းတောင် မသိပါဘူး"

"သည် သတင်း ရွာကိုတော့ ရောက်မှာ ပဲ..၊ ဒါပေသိ လောလောဆယ် အုပ်ဆိုင်းထားချင်သေးသယ်.. ဖြစ်သူက ဖြစ်မှ တော့

အမယ်အိုကြီး မထိခိုက်စေချင်လို့ ပါ"

"ရွာကျတော့ အောင်ဒင်တို့ နဲ့ တိုင်ပင်ဦးပေါ့ကွယ်"

ကိုသာအေး ပြန်လာခဲ့ရသော်လည်း စိတ်ထဲက ယူကျုံးမရဖြစ်နေရပါ၏။ နို့ဆီစာရင်းမှာ ပင် စိတ်မရှိ။ ရွာမှာ ဘယ်လိုအုပ်ဆိုင်းရပ့်မလဲဆိုတာ ကိုသာအေး စဉ်းစားလာခဲ့သည် ။ ရွာလူကြီး ကိုအောင်ဒင်နှင့် တိုင်ပင်ရသည် ။ နောက်ဆုံးတော့ ရွာက ဖိုးလူအတွက် ကုသိုလ်ဝင်ကြသောငွေသုံးသောင်းကို ကြီးဘုံဆီ ပို့ပေးရတော့မည်။ ကြီးဘုံကို သည်သတင်းစကား ပြောရမှာ ပေါ့လို့ ပဲ ကိုအောင်ဒင်က ဆိုသည် ။ သူ သည်လို ဘယ်လုပ်ရက်မှာ လဲ။ အိမ်ရောက်တော့ ကိုသာအေး စာတစ်စောင်ရေးသည် ။ ရွှေတောက မောင်ဖိုးလူက အဘွားထံ ပေးသည့်စာ။

မောင်ဖိုးလူ လက်ရေးနှင့် မောင်ဖိုးလူစာတွေကို သူကြိမ်ဖန်များ စွာဖတ်ဖူးခဲ့တာ မဟုတ်လား။ ဗလာစာရွက်တစ်ရွက်ကို ဆုတ်ပြီး စာတစ်စောင်ရေးပြီး ရွာဟောင်းဘက်ကို ကိုသာအေး ထွက်လာခဲ့ခြင်း ဖြစ်၏။

(၅)

တဲထဲမှာ မှောင်နေပြီ။

ကိုသာအေး အသံပေးသော်လည်း တဲထဲက အသံပြန်မလာတော့ အပေါက်ဝက ငုံ့ကြည့်လိုက်သည် ။ ကြီးဘုံ ရှိသားပဲ။ ကိုသာအေးက ပိုက်ဆံထုပ်နှင့်စာကိုကိုင်ရင်း တဲထဲဝင်လိုက်တော့ ကွပ်ပျစ်ကလေးပေါ်မှာ ကြီးဘုံ လှဲနေသည် ။ ခါတိုင်းလို နောက်ချင်ပြောင်ချင်စိတ် မရှိတော့ကြီးဘုံဘေးမှာ ဝင်ထိုင်ရင်း နဖူးကို စမ်းကြည့်သည် ။ ငွေ့ငွေ့ကလေး

နွေးလို့ ။ ကြီးဘုံ ဘာစားပြီးပြီလဲဆိုတော့ စားချင်စိတ် မရှိလို့ မစားရသေးဟု ဆို၏။ ကွပ်ပျစ်ဘေးက စားပွဲဝိုင်းကလေးပေါ်မှာ အနားအိမ်တွေက ပို့ထားသည့် ထမင်းနှင့်ဟင်းကို အုပ်အုပ်ဆိုင်းဆိုင်း တွေ့ရသည် ။

ကြီးဘုံက ခေါင်းကလေးကို မတ်ကာ ငုတ်တုတ်ထထိုင်ရှာပါ၏။ ကိုသာအေးက ငွေသုံးသောင်းကို ကြီးဘုံလက်ထဲ ထည့်ပေးလိုက်သည် ။ ပြီးတော့မှ စာရွက်ခေါက်ကလေးကို မမှောင်တမှောင် အခန်းကလေးထဲမှာ ဖတ်ပြသည် ။ ခါတိုင်းလို အာမရွှင်ဘဲ အသံက ခပ်ခြောက်ခြောက်။

**'အမေကြီး...**

လူကလေး စာရေးလိုက်ပါတယ်။ အမေကြီးဆီလည်း ငွေမပို့ရတာကြာပြီ။ ရွှေတောမှာ အလုပ်တွေ မကောင်းလှဘူး။ ဒါပေမဲ့ အမေကြီးလောလောဆယ် သုံးဖို့ ရာ ငွေသုံးသောင်း ထည့်ပေးလိုက်တယ်။ အမေကြီး နေကောင်းရဲ့ မဟုတ်လား။ နေမကောင်းရင် ရွာဆေးဆရာ ဆရာဝမ်းနဲ့ ပြပါ။ ဆေးဖိုး မလောက်ရင် ကိုသာအေးဆီက ယူပါ။ သည်ဝါကျွတ်ရင် လူကလေး ရွာပြန်ခဲ့ပါ့မယ်။

**လူကလေးဖိုးလူ'**

တဲ့ ဗျာ။

ကြီးဘုံက ကွက်ပျစ်ကလေးပေါ်မှာ ငြိမ်နေသည် ။ စာကို တစ်ခေါက်ပြန်ဖတ်ခိုင်းသည် ။ စာရွက်ကလေး တောင်းကာ ပွတ်သပ်ကြည့်သည် ။ စကားတစ်လုံးမျှမပြော။ ကိုသာအေးကတော့ ကြီးဘုံများ သတင်းဆိုးကြားလေရော့သလား တွေးနေမိသည် ။ တဲထဲမှာ အမှောင်နှင့် လေပူတွေသာရှိသည် ။ ကိုသာအေးက ခါတိုင်းလို ပေ့ါပေ့ါပါးပါး စချင်လို့ စ

ကားလုံး ရှာမိသော်လည်း တွေးလို့ မရ။ နှုတ်ကလည်း ဆွံ့နေခဲ့သည် ။ ကြီးဘုံက တဲခေါင်မှာ ချိတ်ထားသော ဇာတာခြင်းကလေးကို လက်ညှိုးညွှန်ရင်း ဆိုသည် ။

"မောင်သာအေး.. ဂျီးဘုံကို ဟိုဇာတာခြင်းကလေး ဖြုတ်ပေးစမ်းပါ့ကွယ်"

ဇာတာခြင်းကလေးကို လှမ်းယူပြီး မှောက်ချလိုက်တော့ စာရွက်ခေါက်ကလေးတွေ။ အားလုံး ဆယ့်လေး ငါးစောင်လောက်တော့ ရှိမည်။ ကိုသာအေးကိုယ်တိုင် မန္တလေးက ယူလာခဲ့သည့် မောင်းဖိုးလူ ပို့လိုက်သော စာကြဲ့တွေဖြစ်သည် ။ ကြီးဘုံက မောင်ဖိုးလူစာတွေကို တစ်စောင်ချင်း ဖြန့်နေသည် ။ ကြီးဘုံ ဘာတွေလုပ်နေမှန်းမသိ။ သည် ကနေ့မှ ဘာဖြစ်လို့ ထူးထူးဆန်းဆန်း ရှိနေရတာပါလိမ့်။

"ဂျီးဘုံ... ဘာတွေလုပ်နေသာတုံး.. ပိုက်ဆံတွေ သိမ်းလိုက်ဦးလေ"

"မောင်သာအေး.. ဂျီးဘုံ ညက အိပ်မက်တွေ မက်သယ်.. အိပ်မက် မကောင်းဘူးကွယ့်.. အိပ်မက်ထဲမှာ လူကလေးက တံခါးလာခေါက်သယ်.. ဂျီးဘုံ ထဖွင့်ပေးတော့ ဝတ်ကောင်းစားလှတွေနဲ့ .. ဂျီးဘုံကိုတွေ့တော့ မျက်နှာလွှဲနေသယ်.. ငါ့မြေး ဘာများ ဖြစ်နေရှာပါလိမ့် မောင်သာအေးရယ်.. အိပ်မက်ထဲမှာ ညောင်ငုတ်တိုမှာ မြေဝယ်မထားလို့ သဲ့.. စိတ်ဆိုးသဲ့ မျက်နှာနဲ့ ..."

"အိပ်မက်ပဲ ဂျီဘုံရာ.. မြေးသတိရတော့ မက်ချင်ရာ မက်သာပေါ့.. ငွေနဲ့ စာ ရောက်လာမှ ပဲ ဘာမှ မဖြစ်လို့ ပေါ့ ဂျီးဘုံရဲ့ .. ကိုင်းပါ.. ဂျီးဘုံ ပိုက်ဆံဘယ်လောက်ရှိတုံး.. ကျုပ် မြေဝယ်ပေးပါ့မယ်"

ကြီးဘုံ ငြိမ်ကျသွားပြန်သည် ။ ခဏနေတော့ စာတွေ တစ်စောင်ချင်း အကုန်ပြန်ဖတ်ခိုင်းလေသည် ။ ကိုသာအေးက ကြီးဘုံ စိတ်ကျေနပ်

အောင် တစ်စောင်ချင်း ဖတ်ပြရပြန်သည် ။ ကြီးဘုံက မျက်လွှာချထားရင်း စာဖတ်သံကို တရားနာသလို နာနေရှာပါ၏။ ကိုသာအေး ရေးလာသည့် နောက်ဆုံးစာအထိ နားကလေး ပေကာ နားထောင်သည် ။ ကိုသာအေးပင် စိတ်လှုပ်ရှားမှုကို တော်တော် ထိန်းနေရသည် ။ စာတွေအားလုံး ဖတ်ပြီးတော့ စာတွေ ပြန်ခေါက်။ ဇာတာခြင်းထဲ ပြန်ထည့်။ ကိုသာအေး အနားပြန်ထိုင်တော့ ကြီးဘုံက လက်ကောက်ဝတ်ကို လှမ်းဆုတ်သည် ။

"မောင်သာအေး.. မှောင်ပြီ.. မင်းပြန်တော့လေ.. မြေလည်း မဝယ်တော့ပါဘူး ငါ့တူရယ်.. သည် တစ်ခေါက်စာ ငါ့မြေး ရေးပေးလိုက်သဲ့စာ မဟုတ်ဘူး .. ဂျီးဘုံ သိတာပေ့ါ.. လူကလေး ဘာဖြစ်လို့ သူများကို ရေးခိုင်းလိုက်သာပါလိမ့်ကွယ်.. စာထဲမှာ မေတ္တာဓာတ် ပါဘူး.. ဂျီးဘုံ သိပ့ါကွယ်"

ကိုသာအေးပင် တုန်လှုပ်သွားခဲ့သည် ။

"မေတ္တာဓာတ် မပါဘူးသဲ့လား ဂျီးဘုံရယ်.. ကျုပ်ရေးသာပေမယ့် ကျုပ်ကလည်း မေတ္တာနဲ့ ရေးသာပါပဲဗျာ.. ကျုပ်မေတ္တာကလည်း ဖိုးလူထက် မလျော့ပါဘူး’ ကိုသာအေးရင်ထဲ တနင့်တပိုးကြီး ခံစားလိုက်ရသည် ။ မျက်ရည်ကို အနိုင်နိုင်ထိန်းထားရင်းက ကြီးဘုံဆိုလိုသော မေတ္တာဓာတ်ဆိုတာကို ခပ်ရေးရေး သဘောပေါက်လာခဲ့ရပါ၏။ သွေးသားက စီးဆင်းလာသော မေတ္တာဓာတ်..။ ရေအိုးသွန် ရေအိုးမှောက် ဒလဟော ပြိုကျလာသော ရေမျိုးမဟုတ်။ တစိမ့်စိမ့် ယိုဆင်းကျလာနေသော မေတ္တာရေစင်။

အပြင်မှာ မှောင် လာပြီ။ ကိုသာအေးက စကားတစ်ခွန်း နှစ်ခွန်းသာ အနိုင်နိုင်ထိန်းပြောရင်း ကြီးဘုံကို နှုတ်ဆက်ပြီး တဲပြင် ထွက်လာခဲ့

သည် ။ မြစ်နားတန်းပင် မှောင်ပြီ။ မြစ်စောင်းအတိုင်း လျှောက်လာရင်း ကြီးဘုံပြောလိုက်သည့် စကားတွေ ကြားယောင်နေမိသည် ။

"မောင်သာအေး.. တစ်ရက် မင်းအားရင် ဆရာတော်ကို အိမ်ပင့်ပေး စမ်း.. လူကလေး ပို့ထားသဲ့ငွေတွေ ရေစက်ချလှူချင်သယ်.. ကျီးဘုံ ကိုယ့် အရိုးကိုယ် ချိနိုင်တုန်း သည် ကုသိုလ်ကလေး လုပ်ချင်လို့ ပါ.. ငါ့မြေးကို မစောင့်တော့ဘူး.. လူကလေး မလာဘို့များ ပြီ"

ကိုသာအေး မြစ်ကမ်းပါးဆွယ်က ရှန်းကာ ညောင်ငုတ်တိုဘက် ကူး တော့ နေစုန်းစုန်းဝင်ခဲ့ပြီ။ မြစ်သည် လည်း မှောင်မည်းမည်း။ နောင် ကြီးဘုံဆီသွားလျှင် စာပါလာတော့မည် မဟုတ်ပါ။

**ပေဖူးလွှာမဂ္ဂဇင်း၊ စက်တင်ဘာ ၂၀၀၉**

***